ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ခမ္မပဒ–၇၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် တနင်္ဂနွေနေ့။ Sunday, 22 November 2026 ၁၂၃၀

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ခေါ်နီလာ ဧဃျောသီရိမြို့နယ်ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၁

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အနောက်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပဗ္ဗသိရိမြို့နယ် သိရိမင်္ဂလာ ဝါကြီးကျောင်း ပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

အားကောင်းသောမုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွား

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကို ဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး ဩရိသပြည်နယ်ပေါ်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။

မိုး/၈လ

ယနေ့ ဖတ်စရာ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်း

ဥပဒေ စာမျက်နှာ » ၅

မြတ်နိုးဖွယ်ရာ စာအုပ်စာပေပါ

ဆောင်းပါး စာမျက်နှာ » ၁၁

တပ်မတော်စစ်ကြောင်းများက အင်းတော် - ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ ဒေသခံပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေး မိုင်းရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်

စာမျက်နှာ » ၁၂

၂၃၀ ကေဒို တောင်ငူ-သာယာကုန်းဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီး၍ အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ် ပိုမိုဖြန့်ဖြူးပေးနိုင်

စာမျက်နှာ » ၁၅

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွင် အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင်ငွေကြေး ကောက်ခံခြင်းများအား အရေးယူထားရှိမှု အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံးဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ချက်များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ထွက်ခွာခြင်း၊ အခကြေးငွေဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

အာဆီယံနိုင်ငံခေါင်းဆောင်များ၏ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် ကျင်းပခဲ့သည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံထုတ်ပြန်ချက် (၅)ရပ် အကောင်အထည်ဖော်မှုအပေါ် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့သည်ကို မှတ်သားရသည်။ အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ အသိအမှတ်ပြုကြိုဆိုကြောင်း ဖော်ပြချက်အချို့ကို မြန်မာနိုင်ငံက အသိအမှတ်ပြုသော်လည်း အာဆီယံထိပ်သီးအစည်းအဝေး၏ ကြေညာချက်နှင့် အကြံပြုတိုက်တွန်းချက်များသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များအပေါ် ထင်ဟပ်မှုမရှိသည့်အပြင် တရားမျှတမှုမရှိကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



ကြေးမုံ

အချုပ်အခြာအာဏာကိုအလေးထား ဓမ္မဓိဋ္ဌာန်ကျကျအပြုသဘောပါဝင်

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံသည် လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် (Genocide Convention)ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်သည်ဟု စွပ်စွဲတင်ပြလာသည့်အမှုအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် တစ်ဖက်သတ်စီရင်ချက် အဓိန့်ချမှတ်ခဲ့သည်။ ချမှတ်ခဲ့သည့်စီရင်ချက်အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် အချိန်ယူပြီး အလေးထားလေ့လာဆောင်ရွက်သွားမည်ဖြစ်သည်။

အမှု၏အဓိကအချက်ဖြစ်သည့် လူမျိုးသုဉ်းစေမှုကျူးလွန်ခြင်း ရှိ/မရှိ ကိစ္စအပေါ် တရားသူကြီး ၁၅ ဦးက ထောက်ခံမဲ ၉ မဲ၊ ကန့်ကွက်မဲ ၆ မဲ၊ အများစုမဲအသာဖြင့် ဆုံးဖြတ်ခဲ့သည့် တရားရုံးစီရင်ချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် များစွာစိတ်ပျက်အားလျော့မိသည်။ တရားရုံးဒုတိယဥက္ကဋ္ဌနှင့်သက်တမ်းအရင့်ဆုံး တရားသူကြီးများပါဝင်သည့် တရားသူကြီး ၅ ဦး စုစုပေါင်းတရားသူကြီး ၆ ဦး၏ သဘောထားကွဲလွဲမှုအမြင်အရ တရားရုံးသည် ရေရှည်ကြာမြင့်စွာကျင့်သုံးလာခဲ့သည့် အစဉ်အလာစီရင်ထုံးဖြစ်သော လူမျိုးသုဉ်းစေမှု ကျူးလွန်သည်ဟု ဆုံးဖြတ်ရာတွင် ထားရှိရမည့် သက်သေအဆင့်အတန်းမှ သွေဖည်ခဲ့သည်ဟုသုံးသပ်သည်။

တရားသူကြီးအများအပြားကလည်း တရားရုံးသို့တင်ပြသည့် သက်သေအထောက်အထားများ၏ ခိုင်မာမှု၊ ယင်းသက်သေခံများအား လက်ခံခဲ့ခြင်းမှများနှင့် ပတ်သက်၍ မိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ စာမျက်နှာ ၁၈၆ မျက်နှာရှည်လျားသော တရားရုံးဆုံးဖြတ်ချက်သည် ရှုပ်ထွေးလှသည်။ ထို့အပြင် စာမျက်နှာ ၂၆၉ မျက်နှာအထိရှိသည့် တရားသူကြီးများ၏ စီရင်ချက်အပေါ် သီးခြားအမြင်များ၊ သဘောထားကွဲလွဲသည့်အမြင်များမှာ ၁၇ ခုအထိရှိခဲ့ရာ တရားသူကြီးများအကြား သဘောထားအမြင် ကွဲပြားမှုများကို ထင်ဟပ်စေသည်။ Genocide Convention ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်သည်ဟု စွပ်စွဲထားခြင်းသည် ကြီးလေးသော ပြစ်မှုဖြစ်သည်။ တရားရုံးအဓိန့်ကို သဘောထားအမြင်ကွဲလွဲမှုများ (Dissenting Opinion) ဖြင့် ချမှတ်ခဲ့ခြင်းဖြစ်၍ တညီတညွတ်တည်း အပြုသဘောဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များနှင့် ကိုးကားထားသော အစီရင်ခံစာများသည် ပကတိအခြေအနေနှင့်ကင်းကွာနေပြီး မှားယွင်းစွာစွပ်စွဲထားကြောင်း ပြန်လည်ချေပထားသည်။ ၂၀၁၆–၂၀၁၈ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ပြုလုပ်ခဲ့သော အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှုများသည် လူမျိုးသုဉ်းစေရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ။ ARSA အကြမ်းဖက်အဖွဲ့၏ ကျယ်ပြန့်သော အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်တုံ့ပြန်သည့် ရက်ပိုင်းမျှသာကြာမြင့်ပြီး ကန့်သတ်ထိန်းချုပ်၍ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးမျှသာဖြစ်သည်။ ARSA အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုများကြောင့် မြို့၊ ရွာများ ပျက်စီးခဲ့ရပြီး ဒေသခံနေထိုင်သူများနှင့်ဘင်္ဂလီများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရခြင်း ဖြစ်ကြောင်း ဥပဒေကြောင်းအရ ခိုင်မာသောအချက်အလက်များ၊ သက်သေအထောက်အထားမှတ်တမ်းများကို တိကျသေချာစွာပြုစုပြီး စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း တင်ပြခဲ့ပြီးဖြစ်သည်။

ARSA အကြမ်းဖက်အဖွဲ့၏ နယ်စပ်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရန်နှင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်တို့တွင် မတည်ငြိမ်မှုများ ဖြစ်ပွားစေရန်၊ ဖန်တီးရန် ကြံစည်ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံခုံတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တုံ့ပြန်မှုကိုရရှိပြီး နိုင်ငံတကာအသိုက်အဝန်း၏ စိတ်ဝင်စားမှုရယူရန် ကြိုးပမ်းမှုများဖြစ်ကြောင်းကိုလည်း တင်ပြခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်အထိ ARSA အကြမ်းဖက်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းများတွင် အာဏာလွှမ်းမိုးမှုရှိနေသေးကြောင်း သက်သေပြခဲ့သည်။ ယင်းသို့သော မြေပြင်အခြေအနေမှန်များကိုတင်ပြခဲ့သော်လည်း ယင်းတို့ကို မျက်ကွယ်ပြုပြီး တရားရုံး၏ ဆုံးဖြတ်ချက်သည် ယင်းအချက်များကို ထင်ဟပ်ဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ပြည်တွင်း ဥပဒေ၊ နိုင်ငံတကာကျင့်သုံးဆောင်ရွက်မှုများ၊ တည်ဆဲနှစ်နိုင်ငံသဘောတူစာချုပ်များ၊ ဆောင်ရွက်ဆဲအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးကိစ္စသည် ရှုပ်ထွေးသော သမိုင်းနောက်ခံအခြေအနေ၊ လူမျိုးရေးနှင့် ဘာသာရေးအခြေခံများရှိနေပြီး အထူးသဖြင့် ဤကိစ္စသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိစ္စသက်သက်သာဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်မှုနှင့်နယ်မြေတည်တံ့ခိုင်မြဲမှုကိုလေးစားလျက် မြန်မာနိုင်ငံရင်ဆိုင်နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သင့်ပြီး အခြေအနေပိုမိုကောင်းမွန်လာစေရေးအတွက် အပြုသဘောဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် စီရင်ချက်ကိုအချိန်ယူ၍ အလေးထားလေ့လာပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။



မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ရုံး၊ အစည်းအဝေးနှင့်ကော်မတီဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်ကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများအားလုံးကို ၁–၁၂–၂၀၂၆ ရက်နေ့မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ရာ ၁၉–၁၁–၂၀၂၆ ရက်နေ့မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၁ ယနေ့ နံနက် ၆ နာရီ ၅၃ မိနစ် ၂၉ စက္ကန့်တွင် သီပေါမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၅၇ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (နောင်ချိုမြို့၏ အနောက်-အနောက်မြောက်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၂ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

၂၁ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရေရှားမည့်ဘေးရှောင်ရှားဖို့၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့ ရေချိုစိမ့်စမ်းမခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ကြေးမုံ

စာတည်းမှူးချုပ်	– ဝင်းနိုင်	အကြီးတန်း	– ခင်မိုမိုအောင်၊
စာတည်းမှူး	– အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	– စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာလွှေ၊ ခင်ယုဆွေ၊
	ယုဝါဝါ၊ သီသီမင်း၊	အငယ်တန်း	– အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဌ၊ နိုင်လင်းကြည်	သုတေသန	– ဇင်မာဝင့်
ဘာသာပြန်	– အောင်ကျော်ကျော်၊	စာပြင်	– ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

★ ကာကွယ်ရေးမှ

ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၁၈ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ လှူဒါန်းရန် ခင်းကျင်း ပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့က ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်း ကောင်း၊ ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး တို့က ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော် တိုင်းသံဃနာယက အကျိုးတော်ဆောင် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ကျောင်းတိုက် ဆရာတော် မဟာဂန္ဆဝါစကပဏ္ဍိတ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကိတ္တိသာရနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတော ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ဆဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိဿတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် အောင်စည်သာကျောင်းတိုက်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး အခမ်းအနားအပြီးတွင် သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ်မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား နိုဝင်ဘာ ၁၉ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ပေးပို့လှူဒါန်းသော ပဒေသာပင်တစ်ခု အပါအဝင် ရုံး၊ ဌာနအသီးသီးမှ လှူဒါန်းသော ပဒေသာပင် စုစုပေါင်း ၈၈ ခု၊ ပစ္စည်းတန်ဖိုး ငွေကျပ် ၂၁၉၉၇၂၃၇၀ နှင့် ငွေသား တန်ဖိုးငွေကျပ် ၁၁၈၆၁၇၁၈၅ ကျပ်တို့ ဖြစ်သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၃၈၅၈၉၅၅၅ ကျပ်ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မြစ်ကြီးနား နိုဝင်ဘာ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို မြစ်ကြီးနားမြို့ သီတာရပ်ကွက် လောကမာရ်အောင်ဆုတောင်းပြည့်ဘုရား ဧရာဝတီမြစ်ဆိပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်မတိုင်မီ Night Market ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆီမီးထွန်းညှိပူဇော်ပွဲ၊ ဆီမီး ၂၀၀၀၀ ရေမျှောပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယမန်နေ့ ညပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ကချင်ရိုးရာ ကောက်သစ်စားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အတွက် ပါဝင်ကူညီ ဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့် ညစာ အတူတကွသုံးဆောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

❖ **ပြည်သူ့စစ်မှုထမ်းမှ**

ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းသူများအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ စောင့်ကြည့်ဆင့်ခေါ်ခြင်း ပြုလုပ်နေခြင်းအပေါ် အချို့မြို့ရွာများတွင် မသမာသူများကပါ တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီး ငွေကြေးရယူကာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်း ဝင်ရောက်စေခြင်း၊ အချို့ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြ၍ လစဉ် ငွေကြေးကောက်ခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများ ပြုလုပ်ရန် တရားမဝင် ငွေကြေးကောက်ခံခြင်းများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်ပြီး တရားမဝင် လုပ်ဆောင်နေမှုများသာဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အထူးအလေးထား စိစစ်ဖော်ထုတ်အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။

တရားမဝင် ငွေကြေးကောက်ခံသူများနှင့် အဓမ္မဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်ဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး၊ စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့အား အရေးယူထားရှိပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူရသည့် ငွေကြေးဆိုင်ရာ (၁၈၂)မှုတွင် အရေးယူပြီးစီးမှု (၉၁)မှု၊ စိစစ်ဆဲ(၅၆)မှု၊ မမှန်မကန်တိုင်ကြားမှု (၃၅)မှုနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ (၄၃)မှုတွင် အရေးယူပြီးစီးမှု (၁၇)မှု၊ စိစစ်ဆဲ (၁၄)မှု၊ မမှန်မကန်တိုင်ကြားမှု (၁၂)မှုရှိခဲ့ပြီး ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီး ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျလုပ်ဆောင်စေရေး အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန်ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူအစားထိုးဆင့်ခေါ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် တရားမဝင် ငွေကြေးကောက်ခံခြင်းများ လျော့နည်းပပျောက်စေရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်းများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သတင်းပေးတိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များအား သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

☆ **ရှေ့ဖုံးမှ**

အာဆီယံသည် မြန်မာနိုင်ငံအပေါ် တူညီဆန္ဒမရရှိသေးသော်လည်း မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ အပြုသဘောဆောင်သော မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီအားပေးသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိသည်။

အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်သည် အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် အပြန်အလှန်ဆက်နွယ်မှုရှိသည့်အတွက် မြန်မာနိုင်ငံသည် မိမိ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ် မူတည်၍ အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် အာဆီယံနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ရေးအတွက် အာဆီယံရေးရာကော်မတီကို ၂၉-၉-၂၀၂၆ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပြီး အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၁၄-၁၀-၂၀၂၆ ရက်တွင် ဖြန့်ဝေပေးပို့ခဲ့သည်။

ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုများသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှစ၍ နှစ်ပေါင်း(၇၀)ကျော်ကြာ အမြစ်တွယ်ခြင်းဖြစ်ပြီး ယင်းသောင်းကျန်းမှုများကို အလုံးစုံချုပ်ငြိမ်းစေရန် နိုင်ငံတော်အစိုးရ အဆက်ဆက်က နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့အတူ လက်ရှိအစိုးရသည်လည်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)လမ်းကြောင်းအတိုင်း ကြိုးပမ်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်လျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်ရန် သက်ဆိုင်သူများအားလုံးကို အကြိမ်ကြိမ် ဖိတ်ခေါ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC)သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) များနှင့် (၁၀၉)ကြိမ်၊ NCA လက်မှတ်မရေးထိုးရသေးသည့် EAOs များနှင့် (၃၃)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၂၂)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၁၃)ကြိမ်၊ ငြိမ်းချမ်းရေးစကားဝိုင်း (၁)ကြိမ်၊ ငြိမ်းချမ်းရေးဖိုရမ် (၂)ကြိမ်၊ စုစုပေါင်း အကြိမ်(၁၈၀) တွေ့ဆုံဆွေးနွေးခဲ့သည်။ အလားတူ အစိုးရသည် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့ဝင်များအား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အကြမ်းဖက်အဖွဲ့ဝင်များ စုစုပေါင်း (၅,၈၇၁)ဦးသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ဆက်လက်ပြီး ဝင်ရောက်ရန် ဆက်သွယ်လျက်ရှိသူများလည်းရှိသည်။

လက်ရှိ ရွေးကောက်ခံ အစိုးရ လက်ထက်တွင်လည်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NSPNC ကို ပြင်ဆင်ဖွဲ့စည်း၍ NCA မူဘောင်အောက်မှ ကြိုတင်ကန့်သတ်ချက်များ မထားရှိဘဲ တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိရာ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပြင် ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုပေါင်း (၃၈)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေများအရ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများသာရှိပြီး နိုင်ငံရေးအကျဉ်းသားများမရှိပါ။ နိုင်ငံတော်တည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှု၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် တရားစွဲဆိုခံထားရသူ စုစုပေါင်း ၅,၄၄၄ ဦး၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)၊ ၅၀၅(ခ)ဖြင့် တရားစွဲဆိုခံထားရသူ စုစုပေါင်း ၇,၈၉၄ ဦးနှင့် နိုင်ငံသားနှင့် နိုင်ငံခြားသားအကျဉ်းသား စုစုပေါင်း ၁၂၆,၉၆၄ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့် အားလျော်စွာ လိုအပ်သည့်တုံ့ပြန်မှုများကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဥပဒေများ၊ ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(Rules of Engagement)နှင့်အညီ အနည်းဆုံးအင်အားဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။

လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အဟာစင်တာ(AHA Centre)နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀.၁၂၅ သန်းကျော် ပေးအပ်ခဲ့သည်။

အာဆီယံမှပေးအပ်သည့် လူသားချင်းစာနာမှု အကူအညီများအပြင် နိုင်ငံတော်အစိုးရသည် မိုခါဆိုင်ကလုန်းမုန်တိုင်းအတွက် အမေရိကန်ဒေါ်လာ ၃၇.၃၈၂ သန်းခန့်၊ ရာဂီတိုင်ဖွန်းမုန်တိုင်းအတွက် အမေရိကန်ဒေါ်လာ ၅၀.၇၂၀ သန်းခန့်၊ မန္တလေးငလျင်အတွက် အမေရိကန်ဒေါ်လာ ၁,၆၃၉.၄၆၃ သန်းခန့်၊ အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် ဘေးသင့်သူများကို ထောက်ပံ့ရန် အမေရိကန် ဒေါ်လာ ၂.၄၇၆ သန်းခန့်၊ ယာယီ နေရပ်စွန့်ခွာသူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမေရိကန်ဒေါ်လာ ၆၈.၇၄၂ သန်းခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံခန့်ကို မြန်မာပြည်သူများအတွက် ကျခံသုံးစွဲခဲ့သည်။ AHA Center မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများ အကူအညီပေးအပ်နိုင်ရေးကို လုံခြုံရေးအရခွင့်ပြုနိုင်သည့်ဒေသများတွင် မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ရာတွင် စည်းမျဉ်းကိုအခြေခံသည့် အာဆီယံသည် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံလျက်ရှိပြီး အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ အထူးသဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူညီမျှရှိမှု၊ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်မှုနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်မှုတို့ကို လေးစားလိုက်နာခြင်းမရှိသည်မှာ အလွန်ပင် စိတ်မကောင်းဖွယ်ရာဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏သဘောထားအမြင်များ၊ အကြံပြုချက်များနှင့် ရပ်တည်ချက်များကို အကြိမ်ကြိမ်လျစ်လျူရှုခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ခံစားရရှိမည့် တန်းတူအခွင့်အရေးများနှင့် အပြည့်အဝ ကိုယ်စားပြုခွင့်များကို ဆက်လက်ငြင်းပယ်ခဲ့ရာ ထိုကဲ့သို့သော ဆောင်ရွက်ချက်များသည် အာဆီယံအသိုက်အဝန်း၏ အခြေခံအုတ်မြစ်ဖြစ်သော အားလုံးပါဝင်ရေး၊ တန်းတူညီမျှမှုရှိရေး၊ အပြန်အလှန်လေးစားရေးနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ရေးတို့နှင့် ဆန့်ကျင်နေရုံသာမက အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံ၏ စံနှုန်းကျင့်ဝတ်များအား တစ်သမတ်တည်း အကောင်အထည်ဖော်မှုအပေါ် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

အာဆီယံထိပ်သီး အစည်းအဝေးများသို့ အဖွဲ့ဝင်နိုင်ငံများ၏ တက်ရောက်မှုနှင့် ပတ်သက်၍ သတ်မှတ်ချက်ကို သက်ဆိုင်ရာနိုင်ငံကသာ အာဆီယံပဋိညာဉ်စာတမ်းပါ အခန်း(၄)၊ အပိုဒ်(၇) နှင့်အညီ တက်ရောက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ခွဲခြားဆက်ဆံမှုသည် အာဆီယံပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသလို အစဉ်အလာလည်းမရှိခဲ့ပါ။

အာဆီယံသည် အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု လေးစားရေး၊ တန်းတူညီမျှမှုရှိရေး၊ အားလုံးပါဝင်ရေးနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ရေးစသည့် မူလအခြေခံမူများကို ထိန်းသိမ်းစောင့်ရှောက်လိမ့်မည်ဟု မြန်မာနိုင်ငံက ရိုးသားစွာ ယုံကြည်မျှော်လင့်သည်။ သို့ရာတွင် အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများကို လိုက်နာရန် ဆက်လက်ပျက်ကွက်နေမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ဂုဏ်သိက္ခာအရလည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒသဘောထားများအရလည်းကောင်း အဆိုပါအခြေခံမူများကို လေးစားလိုက်နာရန် အခက်အခဲရှိမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်



အိမ်တွင်းသုံးရေ ချေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေး မျှဝေခြင်းဖြင့် ပိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အိမ်တွင်းသုံးရေ ချေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်အစွန်းရရှိရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင် ကုန်ထုတ်လုပ်မှု သို့မဟုတ် ရောင်းဝယ်မှု သို့မဟုတ် ဝန်ဆောင်မှု သို့မဟုတ် အခြားလုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်မဲ့အလုပ်သမားဦးရေ ၁၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကျပ်သန်း ၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **အငယ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်မဲ့အလုပ်သမားဦးရေ အနည်းဆုံး ၁၁ ဦးမှ ၅၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(င) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်မဲ့အလုပ်သမားဦးရေ အနည်းဆုံး ၅၁ ဦးမှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၅၀၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(စ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အငယ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ လုပ်ကိုင်သည့် နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့ကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ခွဲတစ်ခုခုကိုလည်းကောင်း ဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **အေဂျင်စီ (Agency)** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဋ) **ဒေသဆိုင်ရာအေဂျင်စီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဌ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်သော ဝန်ကြီးဌာနများကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားဖွဲ့စည်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့်ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်ခွဲတို့လည်း ပါဝင်သည်။

(ဓ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ ဈေးကွက်ဝင်ရောက်ထိုးဖောက်နိုင်ပြီး ပိုမိုအသုံးဝင်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုကို ဆိုသည်။

(န) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ပ) **အစပျိုးစီးပွားရေးလုပ်ငန်း (Start up Business)** ဆိုသည်မှာ စီးပွားရေးလုပ်ငန်း စတင်တည်ထောင်သည့်နေ့မှ သက်တမ်းခုနစ်နှစ်အတွင်းရှိသော နည်းပညာကိုအခြေပြုသည့် သို့မဟုတ် ဆန်းသစ်တီထွင်ဖန်တီးမှုကိုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ဖ) **အွန်လိုင်းကုန်သွယ်မှုစနစ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရယူဆောင်ရွက်လိုသည့်စားသုံးသူများထံသို့ အင်တာနက်ကွန်ရက်၊ ဒီဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ချိတ်ဆက်ရောင်းဝယ်မှုပြုသည့်စနစ်ကို ဆိုသည်။

(ဗ) **အများနှင့်အကျိုးဝင်သောစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အများပြည်သူအတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျော့နည်းစေရန်၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီပေးရန်၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်စေရန်။

အခန်း (၃)
အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများကို လျော့နည်းစေရန်လည်းကောင်း လိုအပ်သည့် အကြံဉာဏ်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေး စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု စွမ်းရည်တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေ အသုံးပြုရေးဆောင်ရွက်ခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊

(ဈ) အများနှင့်အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ငွေကြေးထောက်ပံ့ခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်းနှင့် မူဝါဒများချမှတ်ခြင်း။

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

အခန်း (၄)

ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ	ဒုတိယဥက္ကဋ္ဌများ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ	အဖွဲ့ဝင်များ
(၄) စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ	အဖွဲ့ဝင်များ
(၅) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး	အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ်(၃)နှင့် ပုဒ်မခွဲငယ်(၄)တို့ပါ အဖွဲ့ဝင်များအနက် သင့်လျော်သူအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ဒွေကြေးအကူအညီနှင့် နည်းပညာအကူအညီများ ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအတွက် စွေးကွက်ချိတ်ဆက်ရေး လုပ်ငန်းများ ပံ့မှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးဖြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

အခန်း (၅)

လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတတစ်ဦး	ဥက္ကဋ္ဌ
(၂) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး	ဒုတိယဥက္ကဋ္ဌ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ	အဖွဲ့ဝင်များ
(၄) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ	အဖွဲ့ဝင်များ
(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ	အဖွဲ့ဝင်
(၆) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ	အဖွဲ့ဝင်များ
(၇) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ	အဖွဲ့ဝင်များ

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက် သင့်လျော်သူများကို အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လုပ်ငန်းကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များကို စုဆောင်းသုံးသပ်ပြီး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝ အလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များ ကျော်လွှားနိုင်ရန်ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) စွေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေးစွေးကွက်များနှင့် ကျယ်ပြန့်စွာချိတ်ဆက်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း၊ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရသို့မဟုတ် ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဈ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကြံပြုချက်များရယူရန် ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရရှိလာသောအကြံပြုချက်များကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများသို့ ဖြန့်ဖြူးခြင်း၊

(ည) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး ဗဟိုကော်မတီသို့တင်ပြခြင်း၊

(ဋ) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဌ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဍ) လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဎ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့ခွဲဝေမှု ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) ဒေသအသီးသီးရှိထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၆)

အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဦးဆောင်စေပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့်ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့်အေဂျင်စီကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၀။ ဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆောင်ရွက်ရန်နှင့် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် ဦးစီးဌာန သီးခြားဖွဲ့စည်းရမည်။ အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ၏အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်းဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများ ပေးခြင်း၊

(ဆ) အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန်သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိစေရေးအတွက် ငွေကြေးမဟုတ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

စာမျက်နှာ ၇ သို့ ☆

☆စာမျက်နှာ ၆ မှ

(၂၁) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(၂၂) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အချင်းချင်းယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(၂၃) လုပ်ငန်းကြီးများက ဈေးကွက် လက်ဝါးကြီးအုပ်ခြင်းမပြုရန် ကာကွယ်ခြင်း၊

(၂၄) လုပ်ငန်းကြီးများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိစေရန် ကာကွယ်ခြင်း၊

(၂၅) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(၂၆) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော အဖွဲ့အစည်းများက ထုတ်ကုန်သို့မဟုတ် ဝန်ဆောင်မှုများအပေါ် အကျိုးအမြတ်ခွဲဝေရာတွင် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း၊ လျှို့ဝှက်သဘောတူညီချက်များဖြင့် ဈေးကွက်ကန့်သတ်ခြင်းနှင့် မမျှတသော စာချုပ်ပါ စည်းကမ်းချက်များအား အတင်းအကျပ်လက်ခံစေခြင်း မပြုနိုင်ရေး ကာကွယ်ခြင်း၊

(၂၇) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(၂၈) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိန်းဂဏာန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(၂၉) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(၃၀) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(၃၁) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ဖော်ဆောင်ရန်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း၊

(၃၂) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးသည် အသေးစား စီးပွားရေးလုပ်ငန်းအမျိုးအစားမှ အငယ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ၊ အငယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလတ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်တိုးတက်သည့်နေ့မှစ၍ သုံးနှစ်အထိ မူလစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း၊

(၃၃) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပမှပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃၄) အွန်လိုင်းပလက်ဖောင်း သို့မဟုတ် ဒီဂျစ်တယ်ဈေးကွက်များက ၎င်းတို့၏ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရောင်းအဝယ်အချက်အလက်များအား အလွဲသုံးစားပြု၍ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးမပြုနိုင်ရေးနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများက ကောက်ခံသည့် ဝန်ဆောင်ခများအား အလွန်အကျွံမဖြစ်စေရေး ကာကွယ်ခြင်း၊

(၃၅) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ လုပ်ငန်းလျှို့ဝှက်ချက်နှင့် မိရိုးဖလာအသိပညာများအား ခိုးယူခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အတုအပပြုလုပ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၂။ (က) အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာအေဂျင်စီများအား သင့်လျော်သောဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ဒေသဆိုင်ရာအေဂျင်စီသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ခံရမည်။

အခန်း (၇)
ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီက ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သူ အပါအဝင် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူပြီး သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အသုံးစရိတ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကူအညီရရှိငွေ၊ အလှူရှင်များ လှူဒါန်းငွေနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ငွောနတွင်းစာရင်းစစ်ဆေးမှုခံယူခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခြင်း၊

(င) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော အဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ ထုတ်ချေးပေးသော အထူးချေးငွေတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ အတိုးမဲ့ဖြစ်စေ၊ သက်သာသည့်အတိုးနှုန်းဖြင့်ဖြစ်စေ ထုတ်ချေးပေးသော ချေးငွေတစ်ရပ်ရပ်ကိုလည်းကောင်း ရရှိနိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ရန်ပုံငွေ၏ ချေးငွေမဟုတ်သည့်ငွေကို ကျခံသုံးစွဲခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေ ရရှိရန်နှင့် ပြန်လည်ပေးဆပ်ရန်မလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင် ရရှိထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၁၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

အခန်း (၈)
လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ လုပ်ငန်းကော်မတီသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူပြီး သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၇။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတော်၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့ တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား နှစ်စဉ်ဘဏ္ဍာခန့်အတွင်း ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးလုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဈ) ပုဒ်မခွဲ(က)မှ (ဇ)အထိ သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် နှစ်စဉ်အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသိရှိနိုင်စေရန် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

အခန်း (၉)
တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို သက်ဆိုင်ရာဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပေးရမည်။

၁၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၂၀။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် ဒေသဆိုင်ရာအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

အခန်း (၁၀)

သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၁။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကိုဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ဈေးကွက်၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်းနှင့် သတင်းဒေဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်နှင့် အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်ခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ် ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ ရယူပံ့ပိုးပေးခြင်း။

အခန်း (၁၁)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း

၂၂။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု မြှင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း စီစဉ်ဆောင်ရွက်ရမည်-

(က) သင့်လျော်သည့် နည်းပညာများကို သုတေသနပြုရာဖွဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့်ဓာတ်ခွဲခန်းများ တည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရန် ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

အခန်း (၁၂)

သုတေသနလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် နည်းပညာများလွှဲပြောင်းပေးခြင်း

၂၃။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စွန့်ဦးတီထွင်မှုများပေါ်ထွန်းလာရေး သုတေသနလုပ်ငန်းများမှ နည်းပညာအသစ်များရရှိစေရန် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးခြင်း၊

(ခ) သုတေသနလုပ်ငန်းများမှရရှိသော နည်းပညာအသစ်များကို စီးပွားဖြစ် အကောင်အထည်ဖော်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဓာတ်ခွဲခန်းများ၊ ကိရိယာများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် သင်တန်းများကို ပံ့ပိုးပေးခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသန ကွန်ရက်ပလက်ဖောင်းများ၊ သုတေသနနဋ္ဌာနများ ဖွဲ့စည်းတည်ထောင်ပြီး နည်းပညာ၊ ဗဟုသုတများနှင့် အတွေ့အကြုံများဖလှယ်နိုင်ရေး ပံ့ပိုးပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့် သုတေသနဆိုင်ရာ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက နည်းပညာသစ်များ အသုံးပြု၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း။

အခန်း (၁၃)

ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်း

၂၄။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်ဖြင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ပို့ကုန်ဦးစားပေး လုပ်ငန်းဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်းများကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ဝင်ရောက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

အခန်း (၁၄)

အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း

၂၅။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်-

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သောကုန်ပစ္စည်းအသစ် ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျနေသော ဒေသတစ်ခုခွဲ၌ သတ်မှတ်ထားသော ဦးစားပေးစာရင်းဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေ့အလွှင့်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကုန်ချောအမျိုးအစားအသစ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စွန့်ဦးတီထွင်မှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများ လုပ်ငန်းစတင်နိုင်ရန် ဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိပါက လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ခံစားခွင့်ရရှိနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးရမည်။

အခန်း (၁၅)

စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင်ပညာရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုများ ဖွံ့ဖြိုးလာစေရေးအတွက် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည်-

(က) စက်ရုံများ တည်ထောင်ရန်မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းပေးခြင်း၊

(ခ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခက်အခဲများကို အကြံပြုဖြေရှင်းပေးခြင်း၊

(ဂ) စွန့်ဦးတီထွင်မှုရှိသည့်လုပ်ငန်းများအချင်းချင်း အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဃ) စွန့်ဦးတီထွင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အခြေခံပညာကျောင်းများတွင် ထည့်သွင်းသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲပံ့ပိုးပေးခြင်း၊

(စ) စွန့်ဦးတီထွင်သည့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပေါ်ထွန်းလာစေရေးနှင့် ဈေးကွက်ဝင်ရောက်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဆ) စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးခြင်း၊ အသိပညာပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဇ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လွယ်ကူသက်သာစေရေးအတွက် လုပ်ငန်းကော်မတီသို့ တင်ပြပေးခြင်း။

အခန်း (၁၆)

အစပျိုးစီးပွားရေးလုပ်ငန်းများ လုပ်ငန်းစတင်နိုင်ရန် ပံ့ပိုးခြင်း

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်၍ စီးပွားရေးအရ အလားအလာကောင်းသောလုပ်ငန်းသစ်များ ပေါ်ပေါက်လာစေရန် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးပေးသော ဝန်ဆောင်မှုရုံးခန်းနေရာ၊ ပစ္စည်းကိရိယာများကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝအသုံးပြုခွင့်ပေးခြင်း၊

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစပျိုးစီးပွားရေးလုပ်ငန်းများ ပြုစုပျိုးထောင်ပေးသည့်စင်တာများ တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊

(ဂ) အစပျိုးစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်း၊

(ဃ) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရှင်သန်ရပ်တည်နိုင်စေရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်း၊

(င) အကျိုးတူရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရရှိစေရန်ဖြစ်စေ၊ လုပ်ငန်းသစ်တင်ရန် ရင်းနှီးမြှုပ်နှံမှုရရှိစေရန်ဖြစ်စေ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများမှတစ်ဆင့် ရင်းနှီးငွေထောက်ပံ့မှုရရှိစေခြင်း၊

(စ) အစပျိုးစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေပံ့ပိုးပေးသော ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအား အခွန်သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြေလျှော့ပေးမှုများ သို့မဟုတ် အခြားအလားတူ သက်သာခွင့်များခံစားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခြင်း။

အခန်း (၁၇)

စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၂၉။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် ဤဥပဒေ၏ အခြေခံမူများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရမည်။

အခန်း(၁၈)

စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေး

၃၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာပြောင်းလဲဆောင်ရွက်ခြင်း၊

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

(ဂ) ဤဥပဒေအရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့် အမြဲတမ်းအလုပ်သမား ဦးရေ၊ နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက အေဂျင်စီသို့ သတင်းပေးပို့တင်ပြခြင်း၊ ခွင့်ပြုကာလမပြည့်မီ သုံးလကြိုတင်၍ ပြောင်းလဲမှတ်ပုံတင်ပြီး မူလမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကိုခံယူခြင်း၊

(င) နစ်နာမှုများ၊ စီးပွားရေးဆိုင်ရာ အကာအကွယ်ရယူလိုမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ အေဂျင်စီမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အေဂျင်စီမှတစ်ဆင့် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏အစီအစဉ်ဖြင့်ဖြစ်စေ၊ အခြားအစီအစဉ်ဖြင့်ဖြစ်စေ တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ထောက်ပံ့သည့် ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်း၊ ပြည်ပစီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

အခန်း (၁၉)

မှတ်ပုံတင်ခြင်း

၃၂။ အေဂျင်စီသည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာလိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ခ) လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် အသိအမှတ်ပြုလက်မှတ် တင်ပြရန်မလိုအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် အလုပ်သမားများ ကျန်းမာရေးထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားခြင်း။

၃၃။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင်ထုတ်ယူခြင်းနှင့် လိုအပ်သော ထောက်ခံချက်များ လျှောက်ထားခြင်းတို့ပြုနိုင်သည်။

၃၄။ အေဂျင်စီသည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလသုံးနှစ်ထက်ကျော်လွန်ခြင်း။

အခန်း (၂၀)

အထွေထွေ

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာအေဂျင်စီနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၃၆။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၇။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၃၈။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၉။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၅)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဟန်သီစုလှိုင်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**



အဖိုးတန်ရေချို တန်ဖိုးထားထိန်းသိမ်းကြစေလို

ထားဝယ်မြို့၌ (၁၁၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲ ကျင်းပမည်

ထားဝယ် နိုဝင်ဘာ ၂၁

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့တွင် (၁၁၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကို ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ) ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက်ညနေပိုင်းတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရာတွင် အတီးအမှုတ်၊ အကအခုန်များဖြင့် ညလုံးပေါက် ပူဇော်ခံသွားမည်ဖြစ်သည်။



ပါဝင်ဆင်နွဲ

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဇော်နိုင်ဦးက နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကြီးသည် ထားဝယ်ဒေသအတွက် သမိုင်းဝင် မှတ်တမ်းတစ်ခုဖြစ်ပြီး စည်ကား သိုက်မြိုက်စွာဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွဲစေလိုကြောင်း မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် (၁၁၄)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံထားရှိသည့် ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများအား အာဟာရဖြည့်မုန့်နှင့် ရေသန့်ဘူးများ ဝေငှပေးသည်။

ဆက်လက်၍ ဘုရားကြီးဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရဟန္တာ သိမ်တော်ကြီး၏ ရှေးဟောင်းဗိသုကာလက်ရာများ၊ အဆောက်အအုံ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရဟန္တာသိမ်တော်ကြီး၏ မူလလက်ရာများနှင့် သမိုင်းတန်ဖိုးများ မပျောက်ပျက်စေရေး၊ ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေရေးနှင့် အများပြည်သူများ အေးချမ်းစွာ လာရောက် ဖူးမြော်ကြည်ညိုနိုင်ရေးတို့အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ ဘိုးဘွားများအား ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၁

လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ် စုစုပေါင်း ငွေကျပ် ၂၅ သန်း ၅၀၈ သန်းနှင့် ရိပ်သာရှိ အသက် (၈၅)နှစ်အထက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ ဘိုးဘွား ၁၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၀၀၀၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်နှင့်အတူ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထိုသို့ သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက ရိပ်သာရှိ ဘိုးဘွားများ နေ့လယ်စာသုံးဆောင်ရန် အလှူငွေကျပ် ၅၀၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက် အလှူငွေများ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၂၅၉၈၆၃၅၉၊ ၀၉-၇၈၇၀၅၀၈၃၅ တို့ကို ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



အနာဂတ်မျိုးဆက်သစ်များကို ပုံဖော်ပေးမည့် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်း မှာကြား

ရန်ကုန် နိုဝင်ဘာ ၂၁

ဆရာအတတ်ပညာကဏ္ဍတွင် အနာဂတ် မျိုးဆက်သစ်များကို ပုံဖော်ပေးမည့် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးရှိ ပညာရေးဒီဂရီ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ စီမံ၊ ဘဏ္ဍာအရာထမ်းများနှင့် တွေ့ဆုံမှာကြားသည်။



တွေ့ဆုံပွဲအပြီးတွင် တက္ကသိုလ်များ(လှိုင်နယ်မြေ)ရှိ စာသင်ဆောင်များ၊ စာသင်ခန်းများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ ကျောင်းဖွင့်အမီ ဥပမရှိပ်ကောင်းမွန်ရေး၊ တက္ကသိုလ်များ (လှိုင်နယ်မြေ)ဝရိဝုဏ် အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၊ အပန်းဖြေရိပ်သာ (Recreation Centre)၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ၂၀၂၆ ခုနှစ် ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ် ပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဆုရအသင်းများနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသည့် အားကစားသမားများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အမာမြို့၌ လူငယ်စကားဝိုင်းပြုလုပ်

အမာ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး အမာမြို့၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ စကားပြောအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ပြီး အသိပညာဗဟုသုတရရှိတိုးပွားစေရေးနှင့် ဉာဏ်ရည်ဉာဏ်သွေးများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ ပိုင်းဖွဲ့ဦးဆောင်ဆွေးနွေးသည့် အလေ့အထများ ရရှိစေရေး၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး အမာမြို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူလေးဦးက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ခေါင်းဆောင်မှု စသည့်ခေါင်းစဉ်များဖြင့် ပိုင်းဖွဲ့ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နော်လေးလီယန်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

လှလှထွေး(ပြန်/ဆက်)



ပြင်ဦးလွင်မြို့နယ်၌ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်ဆောင်ရွက်

ပြင်ဦးလွင် နိုဝင်ဘာ ၂၁

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုအဖြစ် “စာဖတ်သူ လူငယ်များ၏ အနာဂတ် တောက်ပရမည်” (Young Reader, Bright Future) အစီအစဉ် ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၉ ရက်က ပြင်ဦးလွင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် လူငယ်စကားပိုင်းများ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ပြင်ဦးလွင်မြို့ရှိ လင်းလက်ကြယ်စင်ဟိန်းနှင့် ရွှေစာပိုင်းကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၁၂ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ကျောင်းသားကျောင်းသူများက ပြင်ဦးလွင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနရှိ ပြတိုက်ငယ်အတွင်း ဝင်ရောက်လေ့လာကြည့်ရှုပြီး စာကြည့်တိုက်ရှိ သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တွံတေးမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

တွံတေး နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျွန်းတောရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျွန်းတောတွင် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၀ ယှဉ်ပြိုင်ကြပြီး အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှစ်ဆုတို့ကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ထို့နောက် စာရေးဆရာဝင်းထွဋ်ဦးက လူငယ်နှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးအကြောင်း ဟောပြောကာ စာရေးဆရာအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

မြတ်နိုးဖွယ်ရာ စာအုပ်စာပေပါ

မောင်အောင်

ဆရာများ၏ ပြုစုပျိုးထောင်မှုကြောင့် ဘကြီးအောင် မြန်မာစာကို ချစ်ခဲ့ပါသည်။ စာနယ်ဇင်းများကို မြတ်နိုးခဲ့ပါသည်။ "စာအုပ်စာပေ လူမိတ်ဆွေ" ကို ဘကြီးအောင်တန်ဖိုးထားမိခဲ့ပါသည်။ ထိုဆရာများ၏ ကျေးဇူးသစ္စာကို အောက်မေ့သတိရရင်း မြန်မာစာကို မြတ်နိုးလေးစားစွာဖြင့် လေ့လာရေးသားခဲ့သဖြင့် ၁၉၇၃ ခုနှစ်တွင် လက္ခယ်ညဏ်အလင်းရောင်စာမူဖြင့် ဘကြီးအောင် စာပေဗိမာန် စာမူဆု စာပဒေသာဆု(တတိယ) ရရှိခဲ့

စာနယ်ဇင်းများနှင့် ဘကြီးအောင် စတင်ဆုံတွေ့ရသောအချိန်သည် ၁၉၆၅ - ၁၉၆၆ ခုနှစ်၊ ဘကြီးအောင်အသက် ၁၂ နှစ်/ ၁၃နှစ် အရွယ်ကဖြစ်ပါသည်။ အဲဒီအချိန်က ဘကြီးအောင် ဆဋ္ဌမတန်း (၆ တန်း) တက်သည့်အချိန်ဖြစ်ပါသည်။ ထိုနှစ်က ဘကြီးအောင်တို့ကျိုက်လတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူရည်ချွန်ဂုဏ်ပြုပွဲပြုလုပ်ပါသည်။ အဲဒီနှစ်က ဖျာပုံတစ်ခရိုင်လုံးတွင် ကျိုက်လတ်မြို့အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသား မောင်သန်းထွန်းဝေ လူရည်ချွန်ဆုရရှိပါသည်။

အပြာရောင်အင်္ကျီ၊ နက်ပြာရောင် ဘောင်းဘီရှည်၊ ကင်းဘတ်ဖိနပ်အဖြူ၊ ဦးထုပ်အဖြူ ဆောင်းထားသည့် လူရည်ချွန်သန်းထွန်းဝေကို ဂုဏ်ပြုချီးမြှင့်စကားပြောပြီး ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုဆုချီးမြှင့်သည့်အခါ ဘကြီးအောင်တို့ အထူးလေးစားအားကျ ဂုဏ်ယူမိပါသည်။ သတ္တမတန်း ရောက်လျှင် လူရည်ချွန်ဆုရရှိအောင် ကြိုးစားမည်ဟု ဘကြီးအောင် သန္နိဋ္ဌာန်ချမှတ်ခဲ့မိပါသည်။

မမီသည့်ပန်းကို တုံးခုခု လှမ်းလိုခြင်းမဟုတ်ပါ။ ကျောင်းစတက်သည့်နေ့ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်မှုကြောင့် ဘကြီးအောင် စာကြိုးစားခဲ့ပါသည်။ အတန်းတိုင်းတွင် ပထမဆုက ဘကြီးအောင်အတွက် အမြဲဖြစ်ခဲ့ပါသည်။ ၁၉၆၂-၁၉၆၃ စာသင်နှစ်တွင် စကောလာရှစ် (Scholar-ship) စာမေးပွဲဖြေဆိုရပါသည်။ ဘကြီးအောင်တို့ ခေတ်တုန်းက ၄ တန်း၊ ၇ တန်း Scholarship (ပညာထူးချွန်ဆု) ပေးပါသည်။

Scholarship ရရှိသူသည် တစ်လလျှင် ၂၅ ကျပ်ခန့် ပညာသင်ထောက်ပံ့ကြေးရပါသည်။ ထိုအချိန်က ၉ တန်းကို High School Final (တန်းမြင့်ကျောင်းထွက်)ဟု ခေါ်ပြီး ၄ တန်း၊ ၇ တန်း၊ ၉ တန်း အစိုးရစစ်ဆေးပါသည်။ အစိုးရစစ်ဆေးသည်မှာ တစ်နိုင်ငံလုံး ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်မေးခွန်းဖြင့် ဖြေရခြင်းဖြစ်ပါသည်။ ဒသမတန်းသည်လည်း အစိုးရစစ်ဆေးပါသည်။ အစိုးရစစ် ၉ တန်းအောင်လျှင် မူလတန်းပြဆရာ၊ လက်ထောက်မြို့ပိုင်အလုပ်များ လျှောက်ထား၍ ရပါသည်။

သို့သော်လည်း ဘကြီးအောင် ပညာရေးဝန်ကြီးဌာန၏ ပညာရေးစနစ်အပြောင်းအလဲများနှင့် ဆက်တိုက်ကြုံရပါသည်။ ၁၉၆၂ - ၁၉၆၃ ဘကြီးအောင် စတုတ္ထတန်းစာမေးပွဲဖြေဆိုသောအခါ အစိုးရစစ်စာမေးပွဲမဟုတ်တော့ဘဲ ကျောင်းစစ်သာဖြေဆိုရပါသည်။ အလားတူ ၁၉၆၅-၁၉၆၆ စာသင်နှစ် ဘကြီးအောင် သတ္တမတန်းရောက်သည့်အခါ အစိုးရစစ်စာမေးပွဲမဖြေဆိုရတော့ဘဲ ကျောင်းစစ်သာ ဖြေဆိုရပါသည်။

အလားတူပင် ၁၉၆၆ -၁၉၆၇ ခုနှစ် ဘကြီးအောင် အဋ္ဌမတန်းကို ကျောင်းစစ်ဖြေဆိုပြီးနောက် နောက်နှစ်မှစ၍ အဋ္ဌမတန်းမှာ အစိုးရစစ်ဖြစ်ခဲ့ပါသည်။ အလားတူပင် အစိုးရစစ်ဖြစ်ခဲ့သော နဝမတန်းသည် ဘကြီးအောင်တို့တက်ရောက်သည့် ၁၉၆၇-၁၉၆၈ ခုနှစ်တွင် အစိုးရစစ်မှ ကျောင်းစစ်ဖြစ်ခဲ့ပါသည်။သို့ဖြစ်၍ဘကြီးအောင်၏ ပညာသင်ကာလတစ်ခု တစ်လျှောက် ကျောင်းစစ်များဖြစ်ခဲ့သည်။ စတုတ္ထတန်း၊ သတ္တမတန်း၊ နဝမတန်းများကို ဘကြီးအောင် တို့မဖြေဆိုရဘဲ ဒသမတန်း (၁၀) တန်းရောက်မှ ဘကြီးအောင်တို့ အစိုးရစစ်နှင့် ဆုံတွေ့ရပါသည်။ ဘကြီးအောင်တို့ မိသားစုတွင် ဘကြီးအောင်ထက် ၃ တန်းကြီးခဲ့သည့် အစ်မကြီးသည် အစိုးရစစ်များတွင် တစ်တန်းလျှင် နှစ်ကြိမ်စီဖြေရသဖြင့် အခြေခံပညာအထက်တန်း (၁၀ တန်း) စာမေးပွဲကို ဘကြီးအောင်နှင့်မှ အတူအောင်မြင်ပါသည်။

ဘကြီးအောင်တစ်ပြေလိုသည်မှာ လူရည်ချွန်နှင့် စာနယ်ဇင်းများအကြောင်းဖြစ်ပါသည်။ လူရည်ချွန်ဆိုသည်မှာ ကျောင်းသား ကျောင်းသူများထဲမှ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် ထူးချွန်သော ကျောင်းသား ကျောင်းသူများကို ရွေးချယ်၍ ထူးချွန်ဆုချီးမြှင့်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ လူရည်ချွန်သည် စာတော်ရုံသက်သက်ဖြင့် မရပါ။ ကာယအနေဖြင့် မိတာ ၁၀၀ အသွား၊ အပြန်ပြေးရပါသည်။ လက်ထောက်မှောက်၊ ဘားတန်းဆွဲ၊ ဗိုက်သားလေ့ကျင့်ခန်း တစ်မိနစ်လျှင် အကြိမ် ၂၀ အနည်းဆုံးလုပ်နိုင်ရပါသည်။ အထွေထွေဗဟုသုတ ဖြေရပါသည်။

သို့ဖြစ်၍ ကိုသန်းထွန်းဝေ လူရည်ချွန် ဂုဏ်ပြုပွဲပြုလုပ်ပြီးနောက် ဘကြီးအောင်တို့ လူရည်ချွန်ပိုးစတင်ခွဲခဲ့ကြပါသည်။ လူရည်ချွန်ရရှိရေး မျှော်မှန်းခဲ့ကြပြီး လိုအပ်သည့်ကြိုးစားမှု ဖြည့်ဆည်းမှု ပြုလုပ်ကြရပါသည်။ ထိုပြင် ဗဟုသုတနှင့်ပတ်သက်၍ စာနယ်ဇင်းကိစ္စပါလာပါသည်။ "စာနယ်ဇင်း" ဆိုသည်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းကို အတိုကောက်ခေါ်ခြင်းဖြစ်ပါသည်။ ဘကြီးအောင်တို့ ကျိုက်လတ်မြို့ဈေးထဲတွင် ဦးအေးမောင် စာနယ်ဇင်းရှိပါသည်။ ဘကြီးအောင်အလယ်တန်းကျောင်းသား ဘဝက အိမ်မှ တစ်နေ့လျှင် မုန့်ဖိုး ၁၀ ပြားသာ ပေးပါသည်။

ဘကြီးအောင်က နေ့တိုင်းမယူဘဲ တစ်လစာသုံးကျပ်ယူပါသည်။ ထိုအချိန်က သတင်းစာတစ်စောင်လေးပေး ၇ ကျပ် ပြား ၅၀၊ ဒို့ကျောင်းသားစာစောင် ၂၅ ပြား၊ တောဇရပ်စုံ ပြား ၅၀၊ ရှေ့ဆောင်လူငယ် ပြား ၆၀၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက် မဂ္ဂဇင်းများ တစ်အုပ်နှစ်ကျပ် ဖြစ်ပါသည်။ လူရည်ချွန်စာမေးပွဲတွင် ဗဟုသုတမေးခွန်းများဖြေဆိုနိုင်ရန် ဒို့ကျောင်းသား၊ ရှေ့ဆောင်လူငယ်စာစောင်များ ဘကြီးအောင်မုန့်ဖိုးထဲမှ ဝယ်ပါသည်။ သတင်းစာကိုတော့ အိမ်မှယူပေးပါသည်။ ထိုသို့ဖြင့် ဘကြီးအောင်တို့ အလယ်တန်း၊ အထက်တန်းကျောင်းသား ဘဝ လွန်ခဲ့သည့်နှစ် ၆၀ ခန့်က ဖြတ်သန်းခဲ့ရသည်ကို ပြန်လည်စဉ်းစားမိသည့်အခါ လွမ်းမောစရာပါ။ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများက စာဖတ်သူကျောင်းသားများအတွက် အဖော်မွန်ကောင်းများပါ။

ထိုဆရာများ၏ ပြုစုပျိုးထောင်မှုကြောင့် ဘကြီးအောင် မြန်မာစာကိုချစ်ခဲ့ပါသည်။ စာနယ်ဇင်းများကို မြတ်နိုးခဲ့ပါသည်။ **"စာအုပ်စာပေ လူမိတ်ဆွေ"** ကို ဘကြီးအောင်တန်ဖိုးထားမိခဲ့ပါသည်။ ထိုဆရာများ၏ ကျေးဇူးသစ္စာကို အောက်မေ့သတိရရင်း မြန်မာစာကို မြတ်နိုးလေးစားစွာဖြင့် လေ့လာရေးသားခဲ့သဖြင့် ၁၉၇၃ ခုနှစ်တွင် လက္ခယ်ညဏ်၏ အလင်းရောင်စာမူဖြင့် ဘကြီးအောင် စာပေဗိမာန်စာမူဆု စာပဒေသာဆု(တတိယ) ရရှိခဲ့ပါသည်။ ထိုအချိန်က ဘကြီးအောင် အသက် (၂၀) တက္ကသိုလ်တတိယနှစ်တွင် ပညာသင်ကြားနေချိန်ဖြစ်ပါသည်။

ဘကြီးအောင် ဝါသနာအလျောက်စာပေကို လေ့လာရင်း ဝတ္ထုဆောင်းပါးများ ဆက်လက်ရေးသားခဲ့ရာ ၂၀၁၇ ခုနှစ်တွင် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုကို **"လူသားအကျိုးပြုလား"** စာမူဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုကို **"ကျေးလက် စီးပွားတိုးတက်ရေး ကွဲ့နွားကြက်၊ ဝက်တိုးခွဲမွေး"** စာမူဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် စာပေဗိမာန် စာမူဆုသုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ဒုတိယဆုကို **"နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နည်းများ"** စာမူဖြင့် ဘကြီးအောင် ရရှိခဲ့ပါသည်။

ဤကဲ့သို့ ဘကြီးအောင် စာပေဝါသနာပါခြင်း၊ ဖတ်ရှုခြင်း၊ ရေးသားခြင်းနှင့် စာပေဆုများ ရရှိခြင်းသည် ဘကြီးအောင်၏ အဖေဖြစ်သူက လူရည်ချွန်စာမေးပွဲများဖြေဆိုနေသူ ဘကြီးအောင်ကို အိမ်တွင် သတင်းစာလေးယူခြင်းဖြင့် ပံ့ပိုးပေးခဲ့သလို တက္ကသိုလ်စိန်တင်ရေးသားခဲ့သည့် ဇြိမ်းချမ်းရေးဗိသုကာ ဦးသန့်စာအုပ် ဝယ်ပေးချီးမြှင့်ခြင်းဖြင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခဲ့ပါသည်။

ဧရာဝတီတိုင်းသား၊ ပန်းတနော်သား ဦးသန့်သည် ရိုးသားစွာကြိုးစားခဲ့သဖြင့် ကုလသမဂ္ဂဌာနချုပ်တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီး အမိမြန်မာပြည်၏ ဂုဏ်သိက္ခာကို မြှင့်တက်စေခဲ့ပါသည်။ ဧရာဝတီတိုင်း ဓမ္မပါလ ကျိုက်လတ်မြို့နယ်ဒေသသား ဘကြီးအောင်လည်း စွမ်းသလောက်ဆက်လက်ကြိုးပမ်းရင်း အဖေ ကျေးဇူးတရားများကို **"ရင်ထဲကအဖေနှင့်ပတ်သက်သည့် စာစုများ"** အဖြစ် မှတ်တမ်းတင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ပခုက္ကူဦးအုံးဖေကျွမ်းစာပေ ဒုတိယဆုရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဘကြီးအောင်၏ ဘဝတွင် စာပေသည်သာအားထားရာ။ စာပေသည်သာ လမ်းပြကြယ်ပမာ၊ အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းစေနိုင်သည့် မီးရှူးတန်ဆောင်အလင်းရောင်ဖြစ်သဖြင့် ဘကြီးအောင်က **"မြတ်နိုးဖွယ်ရာ စာအုပ်စာပေပါ"** ဟု မှတ်တမ်းပြုလိုပါကြောင်း။ ။

လူရည်ချွန်စာမေးပွဲတွင် ဗဟုသုတမေးခွန်းများဖြေဆိုနိုင်ရန် ဒို့ကျောင်းသား၊ ရှေ့ဆောင်လူငယ်စာစောင်များ ဘကြီးအောင်မုန့်ဖိုးထဲမှ ဝယ်ပါသည်။ သတင်းစာကိုတော့ အိမ်မှယူပေးပါသည်။ ထိုသို့ဖြင့် ဘကြီးအောင်တို့ အလယ်တန်း၊ အထက်တန်းကျောင်းသား ဘဝ လွန်ခဲ့သည့်နှစ် ၆၀ ခန့်က ဖြတ်သန်းခဲ့ရသည်ကို ပြန်လည်စဉ်းစားမိသည့်အခါ လွမ်းမောစရာပါ။ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများက စာဖတ်သူကျောင်းသားများအတွက် အဖော်မွန်ကောင်းများပါ

တပ်မတော်စစ်ကြောင်းများက အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ ဒေသခံပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေး မိုင်းရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိက အရေးပါသော ဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သည့် အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း - စပွါယ်နံသာ လမ်းကြောင်းများ အနီးတစ်ဝိုက် ခိုအောင်းနေထိုင်ပြီး အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ရဲဝံ့စွန့်စားစွာ လိုက်လံချေမှုန်းတိုက်ထုတ်လျက်ရှိရာ အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းကို တပ်မတော် စစ်ကြောင်းများက ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။



တပ်မတော်စစ်ကြောင်းများက အင်းတော်-ဝန်းသို- ကောလင်း-ကျွန်းလှ-ကန့်ဘလူ လမ်းကြောင်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်မှုပြပုံ။

CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မြို့/ ရွာ/ လမ်းကြောင်းအချို့ကို ယာယီစိုးမိုးပြီး အကြမ်းဖက် လုပ်ရပ်များအား နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ ရွာများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများအား အမြန်ဆုံးပြန်လည်သိမ်းပိုက်ထိန်းချုပ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိက အရေးပါသည့် ဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သော အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း - စပွါယ်နံသာ လမ်းကြောင်းများအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၁၅ ရက်တွင် အဆိုပါလမ်းကြောင်းများပေါ်ရှိ သင်တောကျေးရွာနှင့် ဥတုံးပင်ကျေးရွာတို့အထိ အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းနှင့် ကျောက်တန်း - စပွါယ်နံသာ လမ်းကြောင်းများပေါ်တွင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား ချေမှုန်းတိုက်ခိုက်နိုင်ရေး အတွက် နယ်မြေရှင်းလင်းခြင်း လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၁၆ ရက်တွင် ကံကြီး(အရှေ့)ကျေးရွာနှင့် ကံကြီး(အနောက်)ကျေးရွာအားလည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် ချပ်သင်းကျေးရွာနှင့် ပုဏ္ဏားငယ်ကျေးရွာ၊ တောင်ပုံကျေးရွာနှင့် ဟင်းသော်ကျေးရွာတို့အားလည်းကောင်း၊ နိုဝင်ဘာလ ၁၈ ရက်တွင် လှည်းဘွဲ့ကျေးရွာနှင့် အုန်းခြောက်လုံးတဲစုကျေးရွာတို့အားလည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက်တွင် ချပ်ကြီးကျေးရွာနှင့် ပန်းခုံသာကျေးရွာတို့အား လည်းကောင်း အဆင့်ဆင့်ခြေကုပ်ယူ တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်တွင် ကျွန်းလှမြို့မှတစ်ဆင့် ကန့်ဘလူမြို့သို့ ရောက်ရှိခဲ့ရာ အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းကို အလုံးစုံပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် အင်းတော်- ကျောက်တန်း - စပွါယ်နံသာ လမ်းကြောင်းအား အလုံးစုံပြန်လည်သိမ်းပိုက်နိုင်ရေး အတွက်လည်း အင်တိုက်အားတိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့အကြမ်းဖက်သောင်းကျန်းသူများအား ရွပ်ရွပ်ချံချံတိုက်ခိုက်ချေမှုန်း၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရ တပ်မတော်စစ်ကြောင်းများအား ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့တို့မှ ရဟန်း၊ သံဃာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အကအလှများဖြင့် လည်းကောင်း လှိုက်လှဲဝမ်းသာစွာ

စာမျက်နှာ ၁၃ သို့ ✻



အကြမ်းဖက်သောင်းကျန်းသူများအား ရွပ်ရွပ်ချံချံတိုက်ခိုက်ချေမှုန်း၍ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရတပ်မတော်စစ်ကြောင်းများအား ကျွန်းလှမြို့မှ ရဟန်း၊ သံဃာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။



တပ်မတော်စစ်ကြောင်းများက အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း - စပွါယ်နံသာ လမ်းကြောင်းများပေါ်ရှိ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ကံကြီးကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းများအား ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူသွားလာလျက်ရှိသော ဆက်သွယ်ရေးလမ်းများပေါ်တွင် ဆက်ကြေးကောက်ခံရန် ဂိတ်များ၊ ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားသည်ကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဟင်းသော်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ဘန်ကာများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားသည်ကို တွေ့ရစဉ်။



မဲဇာကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ထန်းတပင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



သစ်ပုံလွင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ပုဗ္ဗသီရိမြို့နယ်ရှိ STEM ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်ရှိ Alpha ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (သာဂရ)၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ချည်စက်)။ အခြေခံပညာအထက်တန်း ကျောင်း (ညောင်ကိုင်း)တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များ ကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကိုလည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကိုပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနူတ်ဆက်ကြသည်။

ယခုကဲ့သို့လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကိုသိရှိစေရန်မျှော်မှန်းကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော် လက်ရုံးတပ်ဖွဲ့အသီးသီး၏သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*** စာမျက်နှာ ၁၂ မှ**

သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

တပ်မတော်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကအရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်သည့် အင်းတော် - ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း - စပျဉ်ယံနံသာ လမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် စွန့်လွှတ်စွန့်စား စွာဖြင့် အဆင့်ဆင့်ချေမှုန်းတိုက်ခိုက်၍ ပြန်လည်ထိန်းချုပ်မှုများရယူခဲ့ရာ အောက်တိုဘာလ ၅ ရက်မှ ယနေ့အထိ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲကြီး/ငယ် စုစုပေါင်း အကြိမ်(၅၀) ဖြစ်ပွားခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း(၂၅)လောင်း၊ လက်နက်မျိုးစုံ(၂၅)လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ အခြား အသုံးအဆောင် ပစ္စည်းများ၊ အများပြည်သူ အသုံးပြုသွားလာနေသည့် အဓိကဆက်သွယ်ရေးလမ်းမကြီးများအပါအဝင် ကျေးရွာလမ်းများနှင့် အဆောက်အအုံများ အကြားခဲ့ အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် ဗီဟါခွဲဖြင့်ပြုလုပ်ထားသော မိုင်းများအပါအဝင် အရွယ်အစား အမျိုးမျိုးရှိသော လက်လုပ်မိုင်း (၂၃၆)လုံးတို့ကိုသိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ပြည်သူများထိခိုက်နစ်နာ၍ အကြောက်တရားလွှမ်းမိုးပြီး ဒေသတွင်းလူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းစေရန် ရည်ရွယ်လုပ်ဆောင်ထားသည့် အများပြည်သူ သွားလာလှုပ်ရှိသော အဓိကဆက်သွယ်ရေးလမ်းကြီးများနှင့် ကျေးရွာချင်းဆက်လမ်းများ၌လည်းကောင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ အနီးဝန်းကျင်နှင့် ကျေးရွာလမ်းများ၌လည်းကောင်း မိုင်းမျိုးစုံအား အရွယ်အစား အမျိုးမျိုးဖြင့် ထောင်ထားခဲ့ရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၊ ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် မိုင်းများအား ရှင်းလင်းခြင်း လုပ်ငန်းစဉ်များကို ကန့်သတ်ချက်များအကြားမှ အချိန်ယူ၍ စနစ်တကျ ရှင်းလင်းဖော်ထုတ်ပေးခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လူနေတိုက်တာအိုးအိမ်များ၊ လမ်းတံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများကိုပြင်ဆင်၍ လိုအပ်သည့်ပြန်လည် ထူထောင်ရေး လုပ်ငန်းများနှင့် နယ်မြေဖိုးမိုးရေးလုပ်ငန်းစဉ်များကိုလည်း ဒေသခံပြည်သူများ၏ ပူးပေါင်း ကူညီဆောင်ရွက်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် NUG၊ CRPH တို့၏ သွေးထိုး မြှောက်ပင့်မှုများကို နားယောင်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းသည် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာနောက်ကျစေလျက် ရှိသဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ်အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးစခန်းများနှင့်ချိတ်ဆက်၍ ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ဝင်ရောက်သင့်ပါကြောင်း နှင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်က လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများရှိခဲ့သည်ဟုဆိုပြီး ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားသည့် အမှုကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အပြီးသတ် အမိန့်ချမှတ်ခဲ့ရာ (genocide) လူမျိုးသုဉ်းသတ်ဖြတ်မှု မြောက်သည်ဟု (ICJ) တရားရုံးက တစ်ဖက်သတ် ဆုံးဖြတ်ချက်အမိန့်ချမှတ်ခဲ့ပါသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း ဒေသခံများ၊ မြန်မာတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့် ARSA အကြမ်းဖက်သမားများအား တုံ့ပြန်ခဲ့သည့်စစ်ဆင်ရေးသာဖြစ်သည်။ ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ ဖျက်ဆီးမှု၊ သတ်ဖြတ်မှု၊ အကြမ်းဖက်မှုများကြောင့် မြို့ရွာများပျက်စီးခဲ့ရပြီး ဒေသနေသူများနှင့် ဘင်္ဂါလီများနေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်းကို အချက်အလက်၊ အထောက်အထား၊ မှတ်တမ်းများဖြင့် တိကျစွာလျှောက်လဲတင်ပြခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မတရားစွပ်စွဲခံရခြင်းသာဖြစ်ပြီး အပြီးသတ်အမိန့်မချမှတ်ခင် ကြားဖြတ်အမိန့်များ ချမှတ်စဉ်ကတည်းက ညွှန်ကြားချက်အတိုင်း နိုင်ငံတကာစံနှုန်းများနှင့်အညီ အတိအကျ လိုက်နာဆောင်ရွက်ခဲ့သည်။ ယခုအပြီးသတ်အမိန့်ချမှတ်ခဲ့ရာတွင်တရားသူကြီး ၁၅ ယောက်စလုံး၏ဆုံးဖြတ်ချက်ကို သဘောတူညီခဲ့ခြင်းမဟုတ်ဘဲ တရားသူကြီး ၉ ယောက်က သဘောတူညီခဲ့ပြီး တရားသူကြီး ၆ ယောက်က သဘောမတူ ကန့်ကွက်ခဲ့သောကြောင့် အားလုံးတညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းမဟုတ်သည်အတွက် (ICJ)တရားရုံး၏ ဆုံးဖြတ်ချက်သည်တရားမျှတမှုလုံးဝမရှိကြောင်း ထင်ရှားပေါ်လွင်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် မြန်မာနိုင်ငံအပေါ် အပြီးသတ်အမိန့်ချမှတ်ခဲ့သည့်အမှုသည် တရားမျှတမှု လုံးဝ(လုံးဝ) မရှိပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)



ပုသိမ်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုသိမ် နိုဝင်ဘာ ၂၁

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများစုပေါင်းကာ အပတ်စဉ် စနေနေ့တိုင်း မြို့သန့်ရှင်းသာယာလှပရေးစုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုကွင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပေါင်းမြက်များနုတ်ခြင်း၊ မြက်ရိတ်စက်ဖြင့် မြက်ဖြတ်ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စုပေါင်းအမှိုက်ကောက်ခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

ပြည်မြို့၌ လယ်ယာသုံးစက်ကိရိယာနှင့် MSMEs ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည် နိဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပလျက်ရှိသည့် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် အတူ လယ်ယာသုံး စက်ကိရိယာနှင့် MSMEs ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

အဆိုပါ လယ်ယာသုံး စက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော်၌ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင် ၆၅ ဦး၏ လူသုံးကုန်၊ စားသုံးကုန်နှင့် တိုင်းရင်းဆေးဝါး စုစုပေါင်း အမျိုးအစား ၃၀၀ ကျော်နှင့် လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်သူလုပ်ငန်းရှင် ၂၈ ဦး၏ လယ်ယာလုပ်ငန်းသုံးပစ္စည်းနှင့်



သဘာဝမြေဩဇာ အမျိုးအစား ပေါင်း ၆၀ ကျော် ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ အနယ်နယ် အရပ်ရပ်မှ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက် ရှိသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်း ဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြခန်းများ အတွင်း ခင်းကျင်းပြသထားသည့် လယ်ယာသုံး စက်ကိရိယာများနှင့် ဒေသထွက် MSMEs ထုတ်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရ သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ သောက်သုံးရေအရင်းအမြစ်များ စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

သာပေါင်း နိဝင်ဘာ ၂၁

ရောဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွမ်းခြံကုန်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကျေးရွာရှိ သောက်သုံးရေ အရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို နိဝင်ဘာ ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်



မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲရန်၊ သောက်သုံးရေ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် အယ်လ်နီညို အပူဒဏ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ အချက်များကို ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေး ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြိတ်မြို့နယ်၌ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းနှင့် ပျိုးဥယျာဉ်တည်ထောင်ခြင်း သင်တန်းဖွင့်

မြိတ် နိဝင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ သမုတ်ထိန်ကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွင် သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းနှင့် ပျိုးဥယျာဉ်တည်ထောင်ခြင်း သင်တန်း အမှတ်စဉ်(၁)ကို ယမန်နေ့က ဖွင့်လှစ်သည်။

သင်တန်းတွင် မြိတ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတွင် တွေ့ရှိရသော သစ်တောအမျိုးအစားများ၊ ဒီရေတောထိန်းသိမ်းရေးဘာသာရပ်၊ ပျိုးဥယျာဉ်တည်ထောင်ခြင်းဘာသာရပ်များကို သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းကို အထက(သမုတ်) စိုက်ပျိုးမွေးမြူရေးအထက်တန်း



ကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၀ တက်ရောက်ကြပြီး ရှမ်းချောင်းသစ်တောပျိုးဥယျာဉ်တွင် လက်တွေ့လေ့လာခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေး

သဲကုန်း နိဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ နိဝင်ဘာ ၁၉ ရက်က လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ အသိပညာပေး မွမ်းမံသင်တန်းဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးလှမြင့်က လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအား ရုံးအခွန် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန် အသိပညာပေး ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ နွေစပါး စိုက်ပျိုးရေး ပေးဝေရေးဆိုင်ရာလုပ်ငန်း ပူးပေါင်းဆောင်ရွက်

ပေါင် နိဝင်ဘာ ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ် ဖြူဘကျေးရွာအုပ်စုရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) တောင်သူ ပညာပေးခန်းမ၌ နွေစပါးစိုက်ပျိုးရေးပေးဝေရေးဆိုင်ရာလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းကို နိဝင်ဘာ ၁၉ ရက်က ပေါင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေအသုံးချသူများအဖွဲ့ခေါင်းဆောင်များနှင့် ဒေသခံတောင်သူလယ်သမား ၅၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း နွေစပါးအထွက်နှုန်း လျော့ကျမှုမရှိဘဲ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အထွက်အသုံးပြုသင့်သည့် ရေပေးဝေရေးနှင့် ရေအသုံးချမှုနည်းစနစ်များ၊ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့ရွေးချယ်ခြင်း၊ စနစ်တကျ မြေပြုပြင်ခြင်းနှင့် ခေတ်မီစိုက်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပေါင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက တောင်သူလယ်သမားများ၏ လက်ရှိ မိုးစပါးရိတ်သိမ်းရာတွင် လိုအပ်လျက်ရှိသော စက်သုံးဆီရရှိရေးကိစ္စရပ်များနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စိုက်ပျိုးစရိတ်ချေးငွေဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



ရေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် နေကြာမျိုးစေ့များ ပေးအပ်

ရေး နိဝင်ဘာ ၂၁

မွန်ပြည်နယ် ရေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ဒုတိယသီးနှံ သီးထပ်စိုက်ပျိုးရန် နေကြာမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အစင်ကျေးရွာအုပ်စု ကွင်းကြီးအနောက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက သီးနှံမျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်ပြီး တောင်သူတစ်ဦးချင်းဝင်ငွေ ပိုမိုရရှိကာ လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့်အတူ ဒုတိယသီးနှံသီးထပ်စိုက်ပျိုးရန် နေကြာမျိုးစေ့များကို တောင်သူများအား ပေးအပ်သည်။

ထို့နောက် စက်သုံးဆီအလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် တောင်သူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်သူ ဦးသားငယ် စိုက်ပျိုးထားသည့် ပေါဆန်းရင်စပါး စံကွက်ရိတ်သိမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ



၂၃၀ ကေဗို တောင်ဥ-သာယာကုန်းဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီး၍ အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ် ပို့မိုဖြန့်ဖြူးပေးနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

၂၃၀ ကေဗို တောင်ဥ-သာယာကုန်း ဓာတ်အားလိုင်းသည် မြန်မာပြည်အထက်ပိုင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာပြည်အောက်ပိုင်းရှိ ဓာတ်အားသုံးစွဲနေသော ပြည်သူများထံသို့ ဓာတ်အားပို့လွှတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ရာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ၁၂ ကြိမ်တိုင်တိုင် အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် နေရာများစွာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဖျက်ဆီးခံရသည့်တာဝါတိုင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လုံခြုံရေးရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ ဦးဆောင်ကာ ၂၀၂၆ ခုနှစ် မတ်လမှစတင်၍ ပြင်ဆင်ခဲ့ပြီး ပြင်ဆင်နေသည့်ကာလများတွင်လည်း အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် နောင့်ယှက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယင်းသို့ အကြမ်းဖက်သမားများ၏ နောင့်ယှက်တိုက်ခိုက်မှုများ ကြုံတွေ့နေရသည့်တိုင် ဝန်ထမ်းများ၏ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ရာနှုန်းပြည့် ပြင်ဆင်ပြီးစီးကာ ယင်းနေ့မှစ၍ ဓာတ်အားစမ်းသပ်ပို့လွှတ်နိုင်ခဲ့ရာ ယခုအချိန်တွင် ဓာတ်အားပုံမှန် ပို့လွှတ်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ယင်းသို့ဓာတ်အားပြန်လည်ပို့လွှတ်နိုင်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာပြည်အောက်ပိုင်းရှိ ဓာတ်အားသုံးစွဲနေသော ပြည်သူများထံသို့ ၂၀၀ မဂ္ဂါဝပ် ပို့မိုပို့လွှတ်နိုင်သည့်အပြင် ယခင်က ဓာတ်အားလိုင်းတစ်ခုတည်းဖြင့် ပေးပို့ရမှုကြောင့် ဖြစ်ပေါ်နေသည့် ဓာတ်အားလိုင်းစနစ် မတည်ငြိမ်မှုများ လျော့နည်းသွားပြီး ဓာတ်အားလိုင်းစနစ် ပိုမိုတည်ငြိမ်စွာ ဖြန့်ဖြူးပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



၂၃၀ ကေဗို တောင်ဥ – သာယာကုန်းဓာတ်အားလိုင်း ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးနေမှုကို တွေ့ရစဉ်။



၂၃၀ ကေဗို တောင်ဥ – သာယာကုန်းဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။





၂၃၀ ကေဗို တောင်ဥ – သာယာကုန်းဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်။

အဆောက်အဦများ၏ အမိုးပေါ်တွင် အမိုးတင်ဆိုလာတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းအစီအစဉ်တွင် ပါဝင်နိုင်ပါရန် ဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်

၁။ နိုင်ငံတော်အစိုးရသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်မှု တိုးမြှင့်လာစေရေး နည်းလမ်းမျိုးစုံဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆောက်အဦများ၏ အမိုးပေါ်တွင် ဆိုလာပြားများ တပ်ဆင်၍ လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၁၀၀ ကီလိုဝပ်နှင့်အထက် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်အလို့ငှာ **"ဆိုလာနှင့် ဆက်စပ်ပစ္စည်း တပ်ဆင်အသုံးပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ"** ကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် အမိုးတင်ဆိုလာစီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံကြပါရန် ဖိတ်ခေါ်ထားပြီး လည်းဖြစ်ပါသည်။

၄။ အမိုးတင်ဆိုလာစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့်



အညီ စနစ်တကျဖြစ်စေရန်၊ တပ်ဆင်ထားသော ဆိုလာပြား၏ အပူလွန်ကဲမှုမှတစ်ဆင့် အဆောက်အဦတွင် အန္တရာယ်မဖြစ်စေရန်၊ အဆောက်အဦပိုင်ရှင်မှ အရင်းအနှီးငွေကြေးစိုက်ထုတ်သုံးစွဲရသော ဝန်ထုပ်ဝန်ပိုးမရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည် –

(က) နည်းပညာကျွမ်းကျင်သူများ ပါဝင်ဖွဲ့စည်းထားပြီး ရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်၏ အရင်းအနှီးဖြင့် တပ်ဆင်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဓာတ်အားထုတ်လုပ် ရောင်းချမှုလုပ်ငန်းများအားလုံးကို တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်၍ ယင်းလုပ်ငန်းများ ဆောင်ရွက်လိုသူ ကုမ္ပဏီများအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် မှတ်ပုံတင်စာရင်း ရေးသွင်းဆောင်ရွက်စေလျက်ရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကုမ္ပဏီအဖွဲ့အစည်းများအား အချိန်တိုအတွင်း ခွင့်ပြုပေးလျက်ရှိပါသည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အဆိုပါလုပ်ငန်းဆောင်ရွက်သူ ကုမ္ပဏီများနှင့် နှစ်ရှည်စာချုပ်ချုပ်ဆို၍ ဓာတ်အားဝယ်ယူလျက် ရှိနေပါသည်။

(ဂ) အမိုးတင်ဆိုလာ တပ်ဆင်ထားသော အဆောက်အဦပိုင်ရှင်၏ သုံးစွဲသောလစဉ် ဓာတ်အားခပေါ်တွင် နှုန်းထားဖြေလျှော့မှုကိုလည်း ဆောင်ရွက်ပေးထားပါသည်။

၅။ **ပထမအဆင့်**အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ ရုံး၊ ကျောင်း၊ ဆေးရုံ၊ စျေးစသည့် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းအဆောက်အဦများ၏ အမိုးများပေါ်တွင်စတင်၍ တပ်ဆင်ဆောင်ရွက်စေလျက်ရှိပါသည်။

၆။ **ဒုတိယအဆင့်**အနေဖြင့် လူနေအိမ်အဆောက်အဦများတွင်ပါ တပ်ဆင်ဆောင်ရွက်နိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ(Consumer) အဖြစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲသူ (Prosumer) အဖြစ်သို့ ကူးပြောင်းရောက်ရှိလာမည် ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်း အမိုးတင်ဆိုလာစီမံကိန်းများ လျင်မြန်စွာ ဖြန့်ကြက်ပေါ်ပေါက်လာစေရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အမိုးတင်ဆိုလာစီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကိုးမြှင့်ဆောင်ရွက်ကြပါရန်နှင့် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

ပခုက္ကူမြို့၌ ဘဝတိုးတက်ရေးအတွက် အသိပညာခေါင်းစဉ်ဖြင့် ဟောပြော



ပခုက္ကူ နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီးပခုက္ကူမြို့၌ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ရတနာလူမှုစောင့်ရှောက်ကူညီရေးအဖွဲ့တို့ပူးပေါင်းပြီး အမှတ်(၃)နှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့တွင် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဘဝတိုးတက်ရေးအတွက် အသိပညာခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိက သတင်းအချက်အလက်ရှာဖွေနည်းနှင့် အွန်လိုင်းသတင်းများ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးနည်းများ၊ ပခုက္ကူမြို့ ကြယ်စင်သွန်း ဒီဇိုင်းနှင့် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အမှုဆောင်ဒါရိုက်တာက လူငယ်နှင့် စီးပွားရေးအခွင့်အလမ်းများ၊ မြို့နယ်ဘေလုံးအဖွဲ့ချုပ် နာယကက လူငယ်နှင့်ဘဝ အောင်မြင်တိုးတက်ရေးနည်းလမ်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူးက လူငယ်နှင့် အားကစားခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အလုပ်လုပ်ကိုင်လိုသူများအတွက် အကြံပြုချက် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူငယ်များအတွက် အလုပ်အကိုင်၊ စီးပွားရေး၊ ကိုယ်ပိုင်ဖွံ့ဖြိုးမှုနှင့် နေ့စဉ်ဘဝအသုံးချဗဟုသုတဆိုင်ရာ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

မကွေးမြို့၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မကွေး နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းတွင် တပ်မတော်သားများ၊ အမျိုးသမီးရေးရာ/မိခင်နှင့်ကလေး အသင်းအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို သည် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ရေသန့်နှင့် စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

ထို့အတူ မကွေးတိုင်း ပြည်သူ့ဆေးရုံကြီး၌ တိုးချဲ့ငါးထပ်လူနာကုသဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ယူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းစက်ဘီးစီးနင်းပွဲနှင့် Physical Fitness Dance ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ ဒီဇင်ဘာ လူထုအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုများ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

အိမ်မဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

အိမ်မဲ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးတော်ကျေးရွာအုပ်စု၊ ရုံးတော်ကျေးရွာနှင့် အနောက်တောကြီးကျေးရွာတို့တွင် ယမန်နေ့နံနက်ပိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဆောင်ရွက်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ (၁၂) ကြိမ်မြောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂၂ ဦးအား ငွေကျပ် ၂၉ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးအား ငွေကျပ် ၁၈ ဒသမ ၃ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးအား ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ ၉၇ ဦးအား ငွေကျပ် ၄၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများ တွေ့ဆုံပွဲကျင်းပ



မိတ္ထီလာ နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌနှင့် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ဒုတိယဥက္ကဋ္ဌဦးကျော်မြင့်တို့က အမှာစကား ပြောကြားပြီး မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။ ဆက်လက်၍ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး မန္တလေးတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌက ထပ်ဆင့်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကလေးမြို့၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ အသိပညာပေးမွမ်းမံသင်တန်းဖွင့်လှစ်

ကလေး နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အခွန်ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ဥပဒေနှင့်အညီ အခွန်တံဆိပ်ခေါင်း ကပ်နိပ်ရောင်းချနိုင်ရေးအတွက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ အသိပညာပေးမွမ်းမံသင်တန်းကို ကလေးမြို့နယ် အခွန်ဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဖလမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ဖလမ်း နိုဝင်ဘာ ၂၁

ဖလမ်းမြို့ ဖါရိုထောက်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည်ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး အသုံးမပြုသည့် စာသင်ခန်းများ၊ ကျောင်းသုံးပစ္စည်းများ၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းရန် မှာကြားသည်။

ဆက်လက်၍ နေရပ်ပြန် ဒေသခံပြည်သူများ၏ ဈေးဆိုင်ဖွင့်လှစ်မှု အခြေအနေများကို ကြည့်ရှု၍ ကုန်စည်စီးဆင်းမှု အခြေအနေ၊ စားဝတ်နေရေး၊ စီးပွားရေး အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းကာ အားပေးစကားပြောကြားသည်။ ဖလမ်းမြို့သို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ နေရပ်ပြန်လာပြီး (၆)လတာ ကာလအတွင်း လူမှုစီးပွားဘဝများ မြင်သာစွာ တိုးတက်လာကာ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ပြန်လည်လုပ်ကိုင်လာကြပြီ ဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များမှတစ်ဆင့် ဒေသဝင်ငွေ တိုးတက်ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်နှင့် မျိုးစေ့သီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရုံးအဆောက်အအုံနှင့် သုံးထပ်ဆောင် ဝန်ထမ်းအိမ်ရာ ရာနှန်းပြည့်ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား စနစ်တကျ နေရာချထားနိုင်ရေး ပေါင်းစပ်ညှိနှိုင်း မှာကြားကာ ကျေးလက်ဝမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က ရုံးအဆောက်အအုံရာနှုန်း ပြည့်ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်သော ခရိုင်စစ်ဆေးရေးအဖွဲ့က နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်းအား ကြည့်ရှုစစ်ဆေးစဉ်။

ရွှေရနံကင်း



နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ Recreation Centre ဆောက်လုပ်သွားမည်



မော်လမြိုင် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ ကျောင်းသား ကျောင်းသူများ စိတ်လက် အပန်းဖြေရန်၊ ကိုယ်လက်လှုပ်ရှား အားကစားများ ပြုလုပ်ရန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် Recreation Centre ဆောက်လုပ်သွားမည် ဖြစ်သည်။

အဆိုပါ Recreation Centre ဆောက်လုပ်ရန် ပန္နက်တင် အခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ်ရှိ သတ်မှတ် နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း သည် ပြည်နယ်ဝန်ကြီးများ၊ ကွန်ျုတာတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်တို့မှ ပါမောက္ခချုပ် များ၊ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများတွင် ပန္နက် များ စိုက်ထူပေးပြီး လုပ်ငန်း ဆိုင်ရာများ မှာကြားကာ လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

နံနက်ပိုင်းတွင်လည်း မော်လမြိုင် မြို့ အခြေခံပညာအထက်တန်း ကျောင်းခွဲ(စမ်းကြီး)၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ စည်ပင်သာယာရေးအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် နေမှု၊ ကျောင်းဝင်းအတွင်း ဖီးကြမ်းငှက်ပျောမျိုးများ စိုက်ပျိုး နေမှု၊ စိုက်ပျိုးပြီးငှက်ပျောခင်း ဖြစ်ထွန်းမှုတို့ကို သွားရောက် ကြည့်ရှုအားပေးပြီး စာသင် ကျောင်းအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ရမည်းသင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဟောပြော

ရမည်းသင်း နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဥပဒေအသိပညာ ပြန့်ပွားရေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိက ဥပဒေ အသိပညာပြန့်ပွားရေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဥပဒေအရာရှိ၊ ဒု-ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်ဥပဒေအရာရှိတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ စသည့်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိက ရာဇသတ်ကြီး၊ သင်တန်းမှတ်စု စာအုပ်နှင့် ကျောင်းရန်ပုံငွေတို့ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံတော် ဗဟိုဘဏ် မန္တလေးဘဏ်ခွဲကို ယမန်နေ့က မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် တာဝန် ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက် အအုံနှင့် ရုံးပရဝဏ်အတွင်း အမြဲသန့်ရှင်း သာယာလှပရေး၊ အဆောက်အအုံနှင့် ရုံးဝင်းအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိ ရှိရေးတို့ကို မှာကြားကာ ဌာန အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးဘဏ်ခွဲ မိုးတားဝင်း ဘဏ်ရိပ်သာဝင်း အတွင်း ဆောက်လုပ်ရေးဝန်ကြီး ဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၂) အဆောက် အဦအထူးအဖွဲ့(၆)က တာဝန်ယူ တည်ဆောက်နေသော လေးနန်းတွဲ လေးထပ် အရာထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံး ဆောက် လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည်အသွေး စံချိန် စံနှုန်းကိုက်ညီမှုရှိရေး၊ လုပ်ငန်းခွင် အတွင်း ဘေးအန္တရာယ်ကင်းရှင်း စေရန်ဆောင်ရွက်ရေးတို့ကိုမှာကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သထုံမြို့နယ်၌ IT Center တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သထုံ နိုဝင်ဘာ ၂၁

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (Smart Village)ရန်ပုံငွေဖြင့် ဒင်္ဂါးဆိပ်ကျေးရွာ၌ IT Centerတည်ဆောက် ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သုတ**

မင်းတုန်းမြို့နယ် မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းပြီးစီးမှု စစ်ဆေး

မင်းတုန်း နိုဝင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်း ဒေသကြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးငွေဖြင့် မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၀ ရက်တွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ နှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။

မင်းရွာကိုင်းကျေးရွာ၌ အရည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် ၁၅ သန်း၊



ပြည်သူထည့်ဝင်ငွေကျပ် ကိုးသန်း စုစုပေါင်းငွေကျပ် ၂၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း များ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

ဟင်္သာတမြို့နယ်၌ အခြေခံပန်းအလှနှင့် ကြယ်သီးထိုးနည်းသင်တန်းဖွင့်



ဟင်္သာတ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ အခြေခံပန်းအလှနှင့် ကြယ်သီးထိုးနည်းသင်တန်း ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ဟင်္သာတမြို့နယ် ရေကြည်ကုန်းကျေးရွာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး သင်တန်းသူ ၂၀ ဖြင့် ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ထန်းကိုင်းကျေးရွာရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မင်းလှမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ဇေယျနှင့် တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်စဉ်။

ရှင်းခန့်အောင်

မာန်အောင်မြို့၌ ရေလမ်းကြောင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်သွားမည်



စစ်တွေ နိုဝင်ဘာ ၂၁

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်သည် ရေလမ်းကြောင်းကိုသာ အဓိကအားထား၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ ကုန်ဈေးနှုန်းများ ကျဆင်းစေရေးနှင့် သဘော်များနှင့် မော်တော်ဘုတ်များရာသီမရွေးအလွယ်တကူဝင်ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း၊ သဲသောင်နှင့် ကျောက်ဆောင် တူးဖော်ရေးလုပ်ငန်းများကို တပ်မတော်ရေမှ နည်းပညာရှင်များ၊ ဒေသခံရေလုပ်သား ပညာရှင်များ ပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို ယမန်နေ့က စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ရာသီဥတုကောင်းမွန်သည့်ကာလများတွင် အမြန်ဆောင်ရွက်နိုင်ရေး၊ ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းပေါင်းစပ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ အဆိုပါအစည်းအဝေးခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့တွင်ပထမနှစ်သင်တန်း တက်ရောက်မည့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

သန်လျင်ကျိုက်ခေါက်စေတီ တန်ဆောင်တိုင် မသိုးသင်္ကန်း ရက်လုပ်ပူဇော်မည်

သန်လျင် နိုဝင်ဘာ ၂၁

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီ တော်မြတ် ဂေါပကအဖွဲ့ကကြီးမှူး၍ တန်ဆောင်တိုင် (၄၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် ဘုရားရှေ့ယာဉ်ရပ်နားကွင်း၌ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကြာကန်ဗိမာန်တော်၌ ဆရာတော် သံဃာတော် အပါး ၂၇၀ တို့အား စာရေးတံမဲပဒေသာပင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ ဖုန်း ၀၉ ၄၂၀၁၈၉၆၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



မအူပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မအူပင် နိုဝင်ဘာ ၂၁

မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၀ ရက်တွင် မအူပင်မြို့နယ် စစ်ကိုင်းကျေးရွာအုပ်စုရေကျော်ကျေးရွာတွင် ပြည်သူကိုယ်တိုင် စီမံခန့်ခွဲသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေကျော်ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အရောင်းအဝယ်လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ လည်ပတ်လုပ်ကိုင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအား စီမံကိန်း ရန်ပုံငွေများ လေလွင့်ဆုံရှုံးမှုမရှိစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြရန်၊ အရောင်းအဝယ်နှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်စေရေး ကြိုးပမ်း လုပ်ကိုင်ကြရန်နှင့် စီမံကိန်းဆိုင်ရာ စာရင်းဇယားများကို သတ်မှတ်လမ်းညွှန်ချက်များနှင့်အညီ တိကျမှန်ကန်စွာ ဖြည့်သွင်း ထိန်းသိမ်းထားရှိရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တေဇာလင်း

ဇလွန်မြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး



ဇလွန် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ညောင်အိုင်ကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက လမ်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ညောင်အိုင်ကြီးကျေးရွာ၌ အရှည် ပေ ၅၇၀၊ အကျယ်ငါးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ထောက်ပံ့ရန်ပုံငွေကျပ် ၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းတို့ဖြင့် ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

ကံမမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ စုဖွဲ့လေ့ကျင့်

ကံမ နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်မတိုင်မီနှင့် အပူချိန်မြင့်မားပြင်းထန်လာမည့် ကာလများတွင် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ စုဖွဲ့ပြင်ဆင်ခြင်းနှင့် စုပေါင်းလေ့ကျင့်ခြင်းများကို ယနေ့တွင် ကံမမြို့နယ်မီးသတ်စခန်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးတပ်စုကို စနစ်တကျ ဖွဲ့စည်းထားရှိပြီး အရေးပေါ်အခြေအနေများတွင် တာဝန်ခွဲဝေဆောင်ရွက်မည့် အစီအမံများကို ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ထို့ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ၊ မီးငြိမ်းသတ်ရေးသုံး စက်ကိရိယာများနှင့် အသက်ကယ်ပစ္စည်းများ၏ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို စစ်ဆေးခြင်း၊ တပ်ဖွဲ့ဝင်များ အနေဖြင့် လက်တွေ့ကိုင်တွယ်အသုံးပြုနိုင်ရန် သရုပ်ပြလေ့ကျင့်ခြင်းနှင့် စုပေါင်းအင်အားဖြင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းများကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကောင်းစစ်နိုင်

သာစည်မြို့သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



သာစည် နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူအကျိုးပြုစုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းတွင် သာစည်-မိတ္တီလာ ကားလမ်းနှင့် သာစည်-သပြေဝ ကားလမ်းဆုံအနီးမှစ၍ သာစည်-မိတ္တီလာ ကားလမ်းတစ်လျှောက် မြို့အဝင်ဆိုင်းဘုတ်အနီးအထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

ဒိုက်ဦးမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကျင်းပ

ဒိုက်ဦး နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းပေးခြင်းကို နိုဝင်ဘာ ၁၉ ရက်က ပြည်တွင်းအခွန်များဦးစီးဌာန ဒိုက်ဦးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါမွမ်းမံသင်တန်းပေးခြင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးက လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပညာပေးရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၌ ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတုစေတီတော်တို့အား ဖွင့်လှစ်ပူဇော်

ပြည် နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီးရှိ ဘဏ္ဍာတော်တိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတုစေတီတော်တို့ကို (၁၂၇)ကြိမ်မြောက် ဖွင့်လှစ်ပူဇော်ကြည်ညိုခြင်းနှင့် ကုသိုလ်ပြုရေစက်ချ မင်္ဂလာအခမ်းအနားကို ယမန်နေ့က ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက၊ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဓန္တ ကုမာရ မဟာထေရ်မြတ်ကြီးထံမှ တက်ရောက် လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ကို ပတ္တမြားစေတီတော်မှ စိန်စေတီတော်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်ပြီး ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စိန်စေတီတော်၊ ပတ္တမြားစေတီတော်၊ မူလစေတီတော်၊ ရွှေကလပ်တော်နှင့် စန္ဒကူးကြုတ်တော်တို့ကို အပူဇော်ခံမှန်ခန်းပလ္လင်တော်ဆီသို့ ပင့်ဆောင်ကာ ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဆက်လက်ကျင်းပ၊ အများပြည်သူရုံးပိတ်ရက်ဖြစ်၍ လာရောက်ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားများပြား

ရှမ်းပြည်နယ် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကောင်းကင်ယံတွင် ရှမ်းအိုးစည်သံများ၊ ညမီးကြီးမီးပုံးပျံမှ မီးရှူးမီးပန်းများဖြင့် လှပဝေဆာနေသည်။ ဟေမန်ဆောင်း ရာသီပီပီ တောင်ကြီးမြို့တွင် အအေးဓာတ်ပိုမိုလွှမ်းခြုံနေသော်လည်း တောင်ကြီးမြို့ခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများက တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို နေ့စဉ်စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်၍ နေ့လွှတ်အရုပ်မီးပုံးပျံပြိုင်ပွဲ၊ ညလွှတ်စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံပြိုင်ပွဲကို လာရောက်ကြည့်ရှုသူ ပရိသတ်များ တိုးမပေါက်အောင် အထူးစည်ကားများပြားလျက်ရှိသည်။

"ဒီနှစ်က မနှစ်ကထက်ပိုပြီး ပြိုင်ပွဲဝင်မီးပုံးပျံ အလုံးရေ များလာပါတယ်။ အထူးသဖြင့် ပရိသတ် စိတ်ဝင်စားတဲ့ ညမီးကြီးနဲ့ စိန်နားပန်ပြိုင်ပွဲဟာ ဒီနှစ်မှာ ပြိုင်ပွဲဝင်အရည်အသွေးမြင့်လာပြီး ယှဉ်ပြိုင်မှုလည်း ပြင်းထန်လာတယ်လို့ ပြောရမှာပါ။ အမှတ်ပေးရာမှာ နေ့လွှတ်အရုပ်နဲ့ဆိုရင် အရုပ်ဖော်တဲ့ပုံဏ္ဍာန်တွေ တိုးတက်ကောင်းမွန်လာတဲ့အပြင် ညလွှတ်မီးပုံးပျံဆိုရင် ဒိုင်တွေ ပိုသတိမပြတ်ကြည့်ရှုရတဲ့အထိ မီးပုံးပျံတည်ဆောက်မှု၊ ပန်းချီပညာရပ်နဲ့ ယမ်းအသုံးပြုမှုပညာရပ်တွေ တိုးတက်လာတာတွေ့ရပါတယ်။ ပြိုင်ပွဲမှာ ဒိုင်စည်းကမ်းအမှတ်ပေးအဖွဲ့၊ မှိုင်းခံအမှတ်ပေးအဖွဲ့၊ ပုံသဏ္ဍာန်အမှတ်ပေးအဖွဲ့၊ မီးပုံးပျံ အတက်စံချိန်အမှတ်ပေးအဖွဲ့၊ သဘာဝရုပ်လုံးနဲ့ စက္ခုပသာဒအမှတ်ပေးအဖွဲ့၊ ယမ်းခွေအလေးချိန်ချိန်တွယ်စစ်ဆေးရေးအဖွဲ့၊ တန်ဆာပလာအမှတ်ပေးအဖွဲ့ဆိုပြီး ရှိပါတယ်။ လွှတ်တင်မယ့်မီးပုံးပျံကို ကွင်းထဲ စတင်သယ်ဆောင်လာမှုကနေစလို့ ကောင်းကင်ကိုတက်သွားပြီး ရောင်းစုံယမ်းဖြာဆင်းမှု ကြာချိန်ကအစ ဒိုင်တွေစောင့်ကြည့်ပြီး အမှတ်ပေးပါတယ်။ ဆုရရှိတဲ့အသင်းကို မီးပုံးပျံကုန်ကျစရိတ် အပါအဝင် ဆုချီးမြှင့်ပါတယ်"ဟု ရိုးရာမီးပုံးပျံပြိုင်ပွဲ ကျင်းပရေး တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း (ပန်းချီ)က ပြောသည်။

ယနေ့ကျင်းပသည့် နေ့လွှတ်အရုပ်မီးပုံးပျံပြိုင်ပွဲတွင် ငန်းဖြူ၊ ဇာမဏီ၊ ခို၊ ချိုးဖြူ၊ ခိုဖြူ၊ ကြက်ဖ၊ စင်ရော်၊ ကျေးကျုတ်၊ အောက်ချင်း၊ ဟသ်ာ၊ ဘုတ်ဂလုံ၊ ဖီးနစ်၊ ကြက်တူရွေး၊ သိမ်းငှက်၊ ခရု၊ ဆင်ဖြူတော်၊ လူဝံ၊ ရှဉ့်၊ ဆင်၊ မြင်းပျံ၊ ဝက်၊ ပြောင်၊ ပိုလာဝက်ဝံ၊ ရွှေသမင်၊ ဘဲ၊ ကြံ့စသည့် သဘာဝရုပ်လုံး အရုပ်မီးပုံးပျံ ၄၂ လုံးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ညလွှတ်မီးပုံးပျံပြိုင်ပွဲတွင် စိန်းနားပန်ပြိုင်ပွဲ၌ KBZ Life Insurance၊ Mingalar & MAI လေကြောင်းလိုင်း၊ ရွှေလူးမီး၊ ကောင်းကင်မီး၊ ဟေမာန်အသင်းတို့ကလည်းကောင်း၊ ညမီးကြီးပြိုင်ပွဲတွင် မြတ်ပီတိ၊ ပအိုဝ်းစာပေ/ယဉ်ကျေးမှု(ဗဟို)၊ Mingalar & MAI၊ KBZMS၊ ဆက်ဝှေ့၊ တိမ်လွှာ၊ ထစ်ချုန်းနှင့် လူမော်အသင်းတို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"ဒီနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်မှာ တိုင်းရင်းသားတွေ စုစုစည်းစည်းနဲ့ ပျော်ပျော်ရွှင်ရွှင်တွေ့မြင်ရတဲ့အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ နိုဝင်ဘာ ၂၄ ရက်အထိ ပြိုင်ပွဲတွေရှိနေပါတယ်။ ရာသီဥတုကအေးတဲ့အတွက် တန်ဆောင်တိုင်ပွဲတော်ကိုလာရင် အနွေးထည်တွေယူလာကြဖို့ ပြောလိုပါတယ်။ စိတ်ချမ်းသာကိုယ်ကျန်းမာစွာနဲ့ လည်ပတ်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်"ဟု အင်းတိုင်းရင်းသား အကအဖွဲ့တာဝန်ခံ ကိုသန်းဇော်ဖြိုးက ပြောသည်။

မီးပုံးပျံပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသူ ညောင်ဖြူရပ်ကွက်နေ မမီးမီးကလည်း" တန်ဆောင်တိုင်ပွဲတော်ဟာ ရှမ်းပြည်နယ်အတွက် အရေးပါတဲ့ ဘာသာရေးပွဲတော်တစ်ခုဖြစ်ပြီး မီးပုံးပျံပြိုင်ပွဲဟာလည်း ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာ ရိုးရာပွဲတော်တစ်ခုဖြစ်ပါတယ်။ ကျွန်မကတော့ ညမီးကြီးပြိုင်တာကို ပိုပြီးကြိုက်ပါတယ်"ဟု ဆိုသည်။

ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးခွန်သိန်းဟန်က ယခုနှစ်ပွဲတော်သည် ယမန်နှစ်ကထက် ပိုစည်ကားပြီး ဖွင့်ပွဲတွင် တိုင်းရင်းသားကိုးဖွဲ့က ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွဲခဲ့ကြ၍ စည်းလုံးမှုနှင့် ရိုးရာဓလေ့ကို ဖော်ထုတ်ပြသနိုင်ခဲ့ကြောင်း ဝမ်းသာကြည်နူးစကား ပြောကြားသည်။

ရှမ်းတိုင်းရင်းသားကိုယ်စားပြု အဖွဲ့ခေါင်းဆောင်ကိုစိုင်းနော်စိုင်းက "ဒီနှစ်က မနှစ်ကထက်ပိုပြီး စည်ကားပါတယ်။ တန်ဆောင်တိုင်ပွဲတော်နဲ့ မီးပုံးပျံပွဲတော်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကို ပြသခြင်းလည်းဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေအနေနဲ့ မိမိတို့ရိုးရာအလိုက် ထိန်းသိမ်းပြီး လူငယ်တွေကို လက်ဆင့်ကမ်းပေးဖို့လည်းလိုပါတယ်"ဟု ပြောသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိရာ နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံးနှင့် ညလွှတ်မီးပုံးပျံပြိုင်ပွဲဝင် ၁၁၂ လုံးဖြင့် စုစုပေါင်း ၅၆၁ လုံး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲများ ကျင်းပရာ အဝေရာမီးပုံးပျံကွင်း၊ တောင်ကြီး ကျောက်တစ်လုံးလမ်းတွင်လည်း MSMEs ပြခန်း ၃၀ ကို ဖွင့်လှစ်ပြသထားပြီး ဒေသခံပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစည်ကားများပြားစွာ ကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

သတင်း – ကိုထွေး၊ သစ္စာ၊ ဓာတ်ပုံ – ဇွဲမာန်

❒ **ကျောဖုံးမှ**

အဆိုပါ ဈေးရောင်းပွဲတော်ကို ယနေ့မှ နိုဝင်ဘာ ၂၄ ရက်အထိ နေ့စဉ်နံနက်ပိုင်းမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းရှင်များ အပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ UMFCCI အသင်းချုပ်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပါဝင်ကြပြီး ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရန် စာအုပ်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြခန်းများအပါအဝင် စုစုပေါင်းဆိုင်ခန်း ၆၀၀ ကျော်ဖြင့် ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ်စတုဒိသာ ကျွေးမွေးခြင်းနှင့် ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကာ ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိပြီး အလှပန်းခင်းများ၊ အလှမီးများ၊ မီးပုံးပျံ လွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်၍ မည်သူမဆို ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွဲနိုင်ကြောင်း သိရသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အဆိုပါဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးမျိုးမြင့်အောင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြနေမှုများကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ဈေးဆိုင်ခန်းများ၊ မြန်မာ့ရိုးရာပန်းပညာနှင့် လက်မှုအနုပညာပြခန်း၊ နေရောင်ခြည်စွမ်းအင်အသုံးချနည်းပညာပြခန်း၊ အလှမွေးငါးအိမ်မွေးတိရစ္ဆာန်နှင့် တွားသွားသတ္တဝါ အရောင်းပြခန်း စသည်တို့အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၃ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်းအဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ကျောက်ဆည်မြို့နယ် Reva ဖိနပ်စက်ရုံ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အသိပညာပေး

ကျောက်ဆည် နိုဝင်ဘာ ၂၁

ကျောက်ဆည်မြို့နယ် Reva ဖိနပ်စက်ရုံ၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်ကိုက ၂၀၂၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး အတွင်း၌ Fire Hotspot ဖြစ်ပွားမှု ၁၂၀၁ ကြိမ်ရှိသည့် အတွက် ဦးစားပေးမြို့နယ်အဆင့်များခွဲ၍ ဒုတိယဦးစားပေး မြို့နယ်ဖြစ်သည့် ကျောက်ဆည်မြို့နယ်အား ယခုလိုခြောက်သွေ့ရာသီကူးပြောင်းချိန်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာဖြစ်ပေါ်စေသောတောမီးလောင်ကျွမ်းခြင်းနှင့် အမှိုက်မီးရှိ့ခြင်းတို့မှ ထွက်ပေါ်လာသည့် အခိုးအငွေ့များကြောင့် သက်ရှိလူသားများနှင့် သယံဇာတအရင်းအမြစ်များကို ဆိုးကျိုးသက်ရောက်မှု မရှိစေရေးနှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဟောပြောပွဲအပြီးတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက Reva ဖိနပ်စက်ရုံသို့ "သစ်ရွက်ခြောက်နှင့် ပလတ်စတစ်အမှိုက်များ မီးမရှိ့ခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းပါ" အသိပညာပေး ပိုစတာများ ပေးအပ်ပြီး အလားတူအသိပညာပေးဟောပြောပွဲကို မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာသံတော်မြတ်ကုမ္ပဏီ လီမိတက် ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံ၌လည်း ကျင်းပခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

■



ကွန်ဟိန်းမြို့နယ်၌ ရှမ်းစက္ကူအခြေခံလက်မှုပစ္စည်း ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

ကွန်ဟိန်း နိုဝင်ဘာ ၂၁

ကွန်ဟိန်းမြို့၌ ရှမ်းစက္ကူ အခြေခံလက်မှုပစ္စည်း ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နမ့်ပန်ခန်းမတွင် ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းမှ ထွက်ရှိသော ကုန်ချောပစ္စည်းများကို ဒေသခံသင်တန်းသူများအားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်က သင်တန်းဆင်းကတ်များကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းဆင်းပွဲတွင် ခင်းကျင်းပြသထားသော သင်တန်းထွက်ကုန်ချောပစ္စည်းများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမိုး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ M-League ယူ-၂၀ မှ

ပွဲစဉ် (၂၅) တွင် အား/ကာသိပ်အသင်းက ရန်ကုန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒဂုံစတားယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ Falcon အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရတနာပုံအသင်းက Chinland အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့သုံးဂိုးစီသရေကျနေသည်။ အား/ကာသိပ်အသင်းသည် စစ်ငြိမ်းချမ်းဦး၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ရန်ကုန်စီးတီးအသင်းကို အနိုင်ရခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက်ဆက်ရှိနေပြီး နောက်ဆုံးပွဲအထိ အဆုံးအဖြတ် ခံယူခွင့်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲကြောင့် အနိမ့်ဆုံး တတိယနေရာရရန် သေချာသွားသလို ရတနာပုံအသင်းမှာလည်း အဆင့် (၄) နေရာရရန် သေချာခဲ့သည်။

ပွဲစဉ် (၂၅) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MLeague

ဗင်နီဇွဲလားနှင့် အမေရိကန်တို့ နှစ်ပေါင်း ၂၀ ကျော် ရပ်ဆိုင်းထားသည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်ရန် သဘောတူ

ကာရာကတ်စ် နိုဝင်ဘာ ၂၁

ဗင်နီဇွဲလားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်ပေါင်း ၂၀ ကျော်ကြာ ရပ်ဆိုင်းထားခဲ့သည့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည် စတင်ရန် ယမန်နေ့က သဘောတူညီခဲ့ကြသည်။

ဗင်နီဇွဲလား ယာယီသမ္မတ ဒယ်လ်စီ ရိုဒရီဂွက်ဇ်နှင့် ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီတ် ဟက်ဂ်ဆက်သ်တို့ တွေ့ဆုံစဉ် အဆိုပါပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံပိုင် ဗီနီဇိုလာနာဒီ ရုပ်သံလိုင်းက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမူဘောင် အတွင်း အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် ရိုဒရီဂွက်ဇ်က ယင်းသဘောတူညီချက်တွင် စစ်ဘက် လေ့ကျင့်ရေးနှင့် ဗင်နီဇွဲလားတပ်မတော်၏ စစ်ဘက် ဆိုင်ရာပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေးတို့ ပါဝင်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်ကလည်း အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံကို ခြိမ်းခြောက်နေသည့် အကြမ်းဖက်သမားများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို နှစ်ဖက်ပူးပေါင်းတိုက် ဖျက်နိုင်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနှင့် အမေရိကန်တို့အကြား ကာကွယ် ရေးပူးပေါင်းဆောင်ရွက်မှုသည် ၁၉၅၁ ခုနှစ်တွင် စတင်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် သမ္မတ ဟူဂို ချာဗက်ဇ်က ယင်းပူးပေါင်းဆောင်ရွက်မှုကို ရပ်ဆိုင်း ခဲ့သဖြင့် ပြတ်တောက်ခဲ့သည်။



ချာဗက်ဇ်သည် အမေရိကန်က ဗင်နီဇွဲလား၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်းနှင့် အမေရိကန်အေဂျင်စီများက ဗင်နီဇွဲလားတပ်မတော် အတွင်း အယူဝါဒဆိုင်ရာလွှမ်းမိုးမှုများ ပြုလုပ်ရန် ကြိုးပမ်းနေကြောင်း စွပ်စွဲခဲ့သည်။

ဆင်ဟွာ

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု နှစ်သန်းကျော်ရှိလာ

ကိုလံဘို နိုဝင်ဘာ ၂၁

သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ယခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် လူဦးရေ နှစ်သန်းကျော်အထိ ရှိလာခဲ့ပြီး ယင်းပမာဏကို သုံးနှစ်ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေး၊ နိုင်ငံခြားအလုပ်အကိုင်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။



ကမ္ဘာတစ်ဝန်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် နိုင်ငံတကာ၏ ယုံကြည်မှု ဆက်လက်ရှိနေခြင်းကို ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်လာခြင်းက ဖော်ပြနေကြောင်း ခရီးသွားလာရေး ဒုတိယဝန်ကြီး ရွှမ် ရာနာဓင်ဟီက လွှတ်တော်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများ၊ နိုင်ငံတကာလေကြောင်းခရီးစဉ် လမ်းကြောင်းများ အနှောင့်အယှက်ဖြစ်မှု၊ လေယာဉ်ဆီဈေးနှုန်း မြင့်တက်မှုနှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးမရေရာမှုများ ရှိနေသော်လည်း ခရီးသွားလုပ်ငန်း ဆက်လက်တိုးတက်နေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်မှ ၂၀ ရက် အထိ ပျမ်းမျှနေ့စဉ် ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၇၄၈၀ ရှိခဲ့ပြီး ၂၀၂၅ ခုနှစ် အလားတူ ကာလက ၇၁၃၀ သာ ရှိခဲ့သဖြင့် ၄ ဒသမ ၉ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံတကာလေကြောင်းလိုင်း ဝန်ဆောင်မှုအသစ်များ စတင် ပြေးဆွဲခြင်း၊ တိုက်ရိုက်လေကြောင်း ခရီးစဉ်များတိုးချဲ့ခြင်း၊ ခရီးသွားဈေးကွက်အသစ်များသို့ ဝင်ရောက်နိုင်ခြင်းနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာခြင်းတို့သည် ယခုကဲ့သို့ တိုးတက်လာစေရန် အထောက်အကူပြုခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းမှ ရရှိသည့် စီးပွားရေးအကျိုးအမြတ်များကို ပိုမိုတိုးမြှင့်နိုင်ရန်နှင့် နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုကို ပိုမိုတိုးမြှင့်နိုင်ရန် ဝန်ကြီးဌာနသည် ဒီဇင်ဘာ ၂၆ ရက်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှု နှစ်သန်းအဆင့်ကို ပထမဆုံးအကြိမ် ပြန်လည် ရောက်ရှိခဲ့သည်။ ထို့နောက် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင်လည်း ကောင်း၊ ယခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း နှစ်သန်း ကျော်အဆင့်ကို အသီးသီး ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ COP31 ညီလာခံတွင် အဓိကအချက်များအပေါ် သဘောထားကွဲလွဲမှုများ ရှိနေ

အန်ကာရာ နိုဝင်ဘာ ၂၁

တူရကီယဲနိုင်ငံတောင်ပိုင်း အန်တာလျာမြို့တွင် ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ COP31 ညီလာခံ၌ နိုဝင်ဘာ ၂၁ ရက် နောက်ဆုံးနေ့မတိုင်မီ အဓိကအရေးကိစ္စများနှင့်ပတ်သက်၍ ပါဝင်တက်ရောက်သည့် နိုင်ငံများအကြား သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေကြောင်း သိရသည်။

အဆိုပါညီလာခံတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး နည်းလမ်းများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ရန်ပုံငွေထောက်ပံ့ရေးကိစ္စများသည် အငြင်းပွားဖွယ်ရာ အဓိကအကြောင်းအရာများ ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆက်စပ်နေသည်ဟု ယူဆရသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာချိန်တွင် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ညီလာခံတက်ရောက်သည့် နိုင်ငံများက ဆွေးနွေးလျက်ရှိသည်။

ညီလာခံ၏ ဥက္ကဋ္ဌနိုင်ငံဖြစ်သည့် တူရကီယဲနိုင်ငံသည် ညီလာခံ ရလဒ်ဆိုင်ရာ မူကြမ်းစာတမ်းတစ်ရပ်ကို ပါဝင်တက်ရောက်သည့် နိုင်ငံများထံ တင်ပြခဲ့သည်။ အဆိုပါစာတမ်းတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သိသာထင်ရှားပြီး လျင်မြန်စွာ လျှော့ချရန် တောင်းဆိုထားသော်လည်း ရုပ်ကြွင်းလောင်စာအသုံးပြုမှုမှ အခြားစွမ်းအင်အရင်းအမြစ်များသို့ ကူးပြောင်းရေးဆိုင်ရာ အချက်ကိုမူ ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။ ယင်းအချက်ကို နိုင်ငံအချို့က ထည့်သွင်းရန် လိုလားခဲ့ကြသည်။

ထို့ပြင် ၂၀၃၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း စွမ်းအင်သုံးစွဲမှုစုစုပေါင်း၌ လျှပ်စစ်ဓာတ်အားအသုံးပြုမှု အချိုးအစားကို ၃၅ ရာခိုင်နှုန်းအထိ မြှင့်တင်ရန်လည်း မူကြမ်းတွင် တိုက်တွန်းထားသည်။ သို့သော် အဆိုပါ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တိုးမြှင့်ရေးရည်မှန်းချက်ကို ညီလာခံ တက်ရောက်နေသည့် အဖွဲ့ဝင်နိုင်ငံနှင့် အဖွဲ့အစည်း ၁၉၀ ကျော်အနက် ထက်ဝက်အောက်သာ ထောက်ခံခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

တောင်ကိုရီးယား တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် AI အသုံးပြု၍ စာမေးပွဲမသမာမှုများပြုလုပ်ခြင်းကို တားဆီးရန် စည်းကမ်းများတင်းကျပ်

ဆိုးလ် နိုဝင်ဘာ ၂၁

တောင်ကိုရီးယားနိုင်ငံတွင် နှစ်စဉ်ကျင်းပသည့် တစ်နိုင်ငံလုံးဆိုင်ရာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဥဏ္ဍာရည်တုနည်းပညာကို အသုံးပြု၍ စာမေးပွဲမသမာမှုများ ပြုလုပ်ခြင်းကို တားဆီးနိုင်ရန် အစိုးရက စည်းကမ်းချက်များကို ပိုမိုတင်းကျပ်လိုက်ကြောင်း သိရသည်။



မကြာသေးမီက စာမေးပွဲဖြေဆိုသူ အချို့သည် စာမေးပွဲအတွင်း ဥဏ္ဍာရည်တု ကိရိယာများကို မသမာသောနည်းလမ်းဖြင့် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်ခြင်း ဖြစ်သည်။

ယခုနှစ် တောင်ကိုရီးယားနိုင်ငံ၏ တက္ကသိုလ်ပညာရည်စစ်ဆေးမှုကို ဖြေဆိုရန် လူပေါင်း ၅၅၀၀၀၀ ကျော် စာရင်းပေးသွင်းခဲ့ကြပြီး စာမေးပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် နိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့သည်။

တောင်ကိုရီးယား လူ့အဖွဲ့အစည်းတွင် ပညာရေးနောက်ခံအဆင့်အတန်းကို အလေးထားမှု မြင့်မားသောကြောင့် အဆိုပါစာမေးပွဲရလဒ်များသည် ဖြေဆိုသူများ၏ အနာဂတ်ဘဝအပေါ် သိသာထင်ရှားသော သက်ရောက်မှုရှိကြောင်း သိရသည်။

ပြီးခဲ့သည့်လမှစတင်၍ တောင်ကိုရီးယားနိုင်ငံရှိ ကျောင်းစာမေးပွဲများနှင့် အခြားအခြေအနေများတွင် AI အကူအညီဖြင့် စာမေးပွဲမသမာမှု ပြုလုပ်သည့် ဖြစ်စဉ်များစွာ ပေါ်ပေါက်ခဲ့သည်။ ယင်း ဖြစ်စဉ်များတွင် အသုံးပြုခဲ့သည့် ကိရိယာများ၌ စမတ်မျက်မှန်များလည်း ပါဝင်ခဲ့သည်။

အစိုးရက တက္ကသိုလ်ပညာရည် စစ်ဆေးမှုစာမေးပွဲတွင် လျှပ်စစ်ပစ္စည်းအားလုံးကို စာမေးပွဲခန်းအတွင်း ယူဆောင်ခွင့်ပိတ်ပင်ခြင်းနှင့် အထူးလေ့ကျင့်ထားသည့် စာမေးပွဲကြီးကြပ်သူများကို တာဝန်ချထားခြင်း အပါအဝင် မသမာမှုတားဆီးရေး အစီအမံများကို ပိုမိုတင်းကျပ်စွာ အကောင်အထည်ဖော်ခဲ့သည်။

ထို့ပြင် ဖြေဆိုသူများအနေဖြင့် စမတ်ဖုန်းများနှင့် အခြားဆက်သွယ်ရေးကိရိယာများကို စာမေးပွဲခန်းအတွင်း ယူဆောင်လာခြင်းမရှိစေရန် အစိုးရက မိုဘိုင်းဖုန်းများသို့ အရေးပေါ်သတိပေးချက်များ ပေးပို့ခဲ့သည်။

စမတ်ကိရိယာများကို အသုံးပြု၍ စာမေးပွဲမသမာမှု ပြုလုပ်ခဲ့ကြောင်း တွေ့ရှိသူများကို အထူးပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်နီအိတ်ချ်ကေ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူ ၁၀၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်ခြင်းများအား တားဆီးကာကွယ်ခြင်းနှင့် ရာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်လုပ်ကိုင်နေသူ ၁၀၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုများ လုပ်ကိုင်နေကြောင်း သတင်းအရလုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ နိုဝင်ဘာ ၂၀ ရက် ည ၁၁ နာရီခန့်တွင် မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် မစိုးရိမ်ကျောင်းလမ်း အမှတ်(၁၉-A) နေအိမ်အတွင်းရှိ အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူ တရုတ်နိုင်ငံသား ကျန်ယွိထုံးအပါအဝင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ရှစ်ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး နှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၁၀၅ ဦးတို့အား ကွန်ပျူတာ ၆၉ လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၂၃ လုံး၊ wifi စက် ငါးလုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် အဆိုပါရပ်ကွက်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် မစိုးရိမ်ကျောင်းလမ်း အိမ်အမှတ်(၄၃/၁)၌ အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ တစ်လုံးနှင့် လက်ကိုင်ဖုန်းမျိုးစုံ ၁၂ လုံးအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ကိုင်သူများသည် ၂၀၂၆ ခုနှစ် မေလခန့်မှစ၍ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် မစိုးရိမ်ကျောင်းလမ်း အိမ်အမှတ်(၁၉/A)တွင် အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းအား စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းတို့သည် တရုတ်နိုင်ငံသုံး Application များအား အသုံးပြု၍ ငွေကြေး လိမ်လည်ခဲ့ပြီး လစာအနေဖြင့် ယွမ် ၅၀၀၀ ခန့်ရရှိကြောင်း၊ လုပ်ငန်းလုပ်ကိုင်သူများ ခေါ်ယူရာတွင် Telegram မှတစ်ဆင့် တရုတ်စကားပြောနိုင်သူများကို ရွေးချယ်ပြီး နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ အလုပ်လုပ်ကိုင်ကြကြောင်း၊ လုပ်ငန်းတာဝန်ခွဲဝေမှုအနေဖြင့် ငွေကြေးလိမ်လည်ရေးအဖွဲ့၊ အဆောက်အအုံစောင့်ရှောက်ရေးအဖွဲ့၊ အစားအသောက်ပစ္စည်းပေးအပ်ရေးအဖွဲ့နှင့် ထမင်းချက်အဖွဲ့စသည်ဖြင့် လေးဖွဲ့ထားရှိပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေကြကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းငွေကြေး လိမ်လည်မှုကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အနေဖြင့် အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း သိမ်းဆည်းရမိသည့် အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ကိုင်သည့်နေအိမ်များ။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း သိမ်းဆည်းရမိသည့် အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ကိုင်သည့်နေရာ။







ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ကိုင်သည့်နေရာအား သိမ်းဆည်းရမိမှု။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

■

တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်၊ လုံစံကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူ ၂၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ပပျောက်စေရေး နိုင်ငံတော်အစိုးရအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် အလှမ်းဝေးသောနယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်အတွင်း အခြေစိုက်ခိုအောင်းနေသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူ ၂၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ကိုင်နေသူများအား လူနေတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက အကွက်ကျကျ သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းကိုင်မြို့နယ်၊ လုံစံကျေးရွာ၏မြောက်ဘက်မိတာ ၂၇၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ယာယီတဲအချို့အား တွေ့ရှိရပြီး ဝန်းကျင်တစ်ဝိုက်ဆက်လက်ရှင်းလင်းရာ ၎င်းနေရာ၏ အနောက်မြောက်ဘက် မိတာ ၁၃၀၀ ခန့်အကွာ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၂၅ ဦးတို့အား အွန်လိုင်းငွေကြေးမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ၄၀ ပေ၊ အနံ ၃၀ ပေ၊ ယာယီလူနေတဲ ၁ လုံး၊ အလျား ၃၀ ပေ၊ အနံ ၁၅ ပေ၊ ယာယီလူနေတဲ ၁ လုံး၊ အလျား ၅၀ ပေ၊ အနံ ၃၀ ပေ၊ ယာယီလုပ်ငန်းသုံးတဲ ၁ လုံး၊ အလျား ၄၀ ပေ၊ အနံ ၂၀ ပေ၊ ယာယီစားချက်ဆောင်တဲ ၁ လုံး၊ ALL IN ONE ကွန်ပျူတာ ၂ လုံး၊ ဖုန်းမျိုးစုံ ၃၉ လုံး၊ STARLINK ၂ လုံး၊ POWER STATION ၂ လုံး၊ GAS မီးဖို ၂ လုံး၊ အင်တာနက်လိုင်းအားဖြင့်စက် ၂ လုံး၊ ROUTER ၁ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူများသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှတစ်ဆင့် မြန်မာ-တရုတ်နယ်စပ်မှ တရားမဝင်ခိုးဝင်၍ မြန်မာနိုင်ငံ၊ ပန်ဆန်းမြို့သို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ဝမ်ဟိုင်း-ကျောသီး-ပန်ပို-ဟမ်ဗိုင် လမ်းကြောင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်၊ လုံစံကျေးရွာအနီးသို့ ရောက်ရှိခဲ့ပြီး အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်ခန့်မှစ၍ စတင်လုပ်ကိုင်ခဲ့ကြောင်း၊ လစာအနေဖြင့် တရုတ်ယွမ်ငွေ ၆၅၀၀ ခန့်ရရှိမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သည်မှာ ၁၅ ရက်ခန့်သာရှိသေး၍ လစာမရရှိသေးကြောင်း၊ ကွန်ပျူတာနှင့် ဖုန်းများအားအသုံးပြု၍ WE CHAT၊ MO MO နှင့် QQ APPLICATION စသည့် လူမှုကွန်ရက်များမှတစ်ဆင့် ငွေကြေးကြွယ်ဝချမ်းသာသူ တရုတ်နိုင်ငံသားများအား အဓိကပစ်မှတ်ထားရာဖွေရကြောင်း၊ ခင်မင်ရင်းနှီးမှုတည်ဆောက်ကာ အကျိုးတူစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လာစေရေး လိမ်လည်ဆွဲဆောင်စည်းရုံးခြင်းများ ပြုလုပ်ရကြောင်း၊ သဘောတူလက်ခံ၍ အတူတကွဆောင်ရွက်ရန် ဆက်သွယ်လာပြီး အရင်းအနှီးများ ထည့်ဝင်လာသော အခါ အဆက်အသွယ်ဖြတ်တောက်ခြင်း၊ ONLINE WEBSITE အတုများဖြင့် ONLINE SHOP လုပ်ငန်းများနှင့် အောင်မြင်ကျော်ကြားသော လူပုဂ္ဂိုလ်များ၏ အကောင့်အတုများ ဖွင့်လှစ်ကာ ငွေကြေးလိမ်လည်မှု ပြုလုပ်ခြင်းများ ဆောင်ရွက်ရကြောင်း သိရှိရသည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့်လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အပြီးတိုင်လုံးဝပပျောက်သွားစေရေးအတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ် အတွင်း အွန်လိုင်းငွေကြေး လိမ်လည်မှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်အတွင်း ဖမ်းဆီးရမိသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။















ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်၊ လုံစံကျေးရွာအနီး ဖမ်းဆီးရမိသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ယာယီလူနေတဲများနှင့် လုပ်ငန်းသုံးတဲများကို တွေ့ရစဉ်။

ကျိုင်းတုံမြို့၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်း(၁/၂၀၂၆)ဆင်းပွဲကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်း(၁/၂၀၂၆)ဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် အဆိုပါရုံးခန်းကျင်းပသည်။

သင်တန်းဆင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာက သင်တန်းမှ ပို့ချသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို စဉ်ဆက်မပြတ်လေ့လာကြိုးစားအားထုတ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ အရည်အသွေးပြည့်ဝသည့် တိုက်နယ်မှူးကောင်းများဖြစ်လာမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာတွင် လိုက်နာကျင့်သုံးအပ်သည့် အချက်များကို ရှင်းလင်းမှာကြားသည်။



သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာများကို အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ပုဇွန်တောင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာဖူးမြော်

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းခြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးဌဲ့ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ပြသထားသည့် ပြကွက်နှင့် ပြခန်းများကို ယနေ့နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာဖူးမြော်ကြသည်။



ထိုသို့လေ့လာဖူးမြော်ရာတွင် ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ တို့သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များ၊ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ၏ သမိုင်းကြောင်းနှင့် ဆက်စပ်သည့် ပြခန်း၊ ပြကွက်များကို စိတ်ဝင်တစား လေ့လာဖူးမြော်ခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဖွင့်လှစ်ပြသမည်

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းများ၊ သမိုင်းဝင်ပြခန်းများနှင့် ပြကွက်များကို ကျောင်းသား ကျောင်းသူများအပြင် အများပြည်သူများ လာရောက်လေ့လာဖူးမြော်လျက် ရှိပြီး အပတ်စဉ် စနေနေ့နှင့် တနင်္ဂနေ့များတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)

လမ်းမတော်မြို့နယ်လုံးဆိုင်ရာ (၈၃) ကြိမ်မြောက် တန်ဆောင်တိုင်မီးထွန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဈေးရောင်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ထိန်းသိမ်းသည့်အနေဖြင့် (၈၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ တန်ဆောင်တိုင်မီးထွန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဈေးရောင်းပွဲကို ယနေ့ညနေ ပိုင်းတွင် စတင်ဖွင့်လှစ်ကျင်းပသည်။

အဆိုပါပွဲတော်ကို လမ်းမတော်မြို့နယ်အတွင်းရှိအနော်ရထာလမ်းမကြီးတစ်လျှောက် ခင်းကျင်း၊ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း စားသောက်ဆိုင်ခန်းများ၊ လူသုံးကုန်ပစ္စည်းဆိုင်ခန်းများ၊ အဝတ်အထည်နှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ အပါအဝင် စုစုပေါင်း ဈေးဆိုင်ခန်းပေါင်း ၁၅၀ ကျော် ပါဝင်ခင်းကျင်းထားပြီး နိုဝင်ဘာ၂၅ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။



ထို့ပြင် တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ်အဖြစ် ရောင်စုံမီးအလှများ ထွန်းညှိပူဇော်ခြင်းနှင့်အတူ သံဃာတော်အရှင်သူမြတ်များအား တန်ဆောင်မုန်းလပြည့်နေ့တွင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ပွဲကိုလည်း မြို့နယ်သူ/မြို့နယ်သားများ စုပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

သဘာဝကပေး ရေချိုအေး ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား
၂၂-၁၁-၂၀၂၆ တနင်္ဂနွေနေ့

MRTV HD
၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအရာထော်အမှုဆိုင်ရာ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ "တောင်ကင်းယံတော်ကမြန်မာ့ရိုးရာအရပ် တန်ဆောင်တိုင်ပွဲတော်ပွဲ"
၀၉:၁၅ ကာတွန်းအင်အားပွဲ(တရုတ်) "ထူးဆန်းထူးလာ ဧရိယာ"(အပိုင်း-၂၀)
၁၀:၀၀ သတင်းမဂ္ဂဇင်းတဲ့ဘဝင်းစကား
၁၀:၂၀ "အတူနွေမယ်ကထိုင်ပွဲ" တေးဂီတဇာတ်ကြေးပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:၃၀ အသိပညာနှင့်အမှန်တရား
၁၂:၃၅ This Week's Special Interest
၁၃:၂၀ MRTV National NEWS
၁၃:၅၀ မြန်မာ့ဓလေ့ထုံးစံ 'ငွေး' (တော်လင်းလင်းထင်းရှိမြို့မှ)(အိမ်ရှိက်တာ - အောင်မြင့်မြတ်)

mitv
07:01 Evergreen Classic; Sone Taw Myaing (Takkatho Lae Lae)
07:09 Daytamotbarat Sasana Land
07:34 Myanmar Traditional Food: Mohinga
07:54 New Destination for Sea Lovers (Done Nyaung Hmaing)
08:01 News
08:27 Commercial Farming to GDP Growth, Water-Spinach Grower
08:47 Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan
09:01 It's not You... Who? It's not Now... When? (Epi-1)
09:35 Today Myanmar: The 365-Day Dawn Alms-Food Offering Association
09:44 Inside Myanmar; Myanmar Traditional Festival; Pwe Zay
10:01 News

MRTV NRC
ချင်း (ဖလိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ဇာတိဒေသဂါအကြောင်းသိကောင်းစရာ
ချင်း (ဆျိုး) (၀၇:၀၀ မှ ၀၈:၀၀)
သီးနှံသစ်အတွက်ဆုတောင်းခြင်း
မွန် (၀၈:၀၀ မှ ၁၀:၀၀)
ကြက်သွန်မြို့စားခြင်း၏ကုန်သွယ်ရေးအကျိုးကျေးဇူး
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ပွိုင်ကမ်းပြိုဒေသလည်ပွဲကြွယ်
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပန်းညှင်းစာတစ်ခွက်နဲ့ခံတွင်းမြိန်
ဝ (၁၃:၀၀ မှ ၁၆:၀၀)
တောင်ယာထယ်ဟင်း
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
စီးပွားဖြစ်တဲ့ဂုက်းပျောင်း
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကောက်လှည်းကူညီတောက်
၆ကကအရင် (၂၀:၀၀ မှ ၂၂:၀၀)
သင်ယူလေ့လာတိုရိုက်(အပိုင်း-၁)
ဘရုန်းကိုးကျင် (၂၂:၀၀ မှ ၂၂:၀၀)
ကရင်နိုးရာပေါင်းပွဲအဆက
ဘရွှေပိုးကျင် (၂၂:၀၀ မှ ၂၃:၀၀)
မြတ်ဗုဒ္ဓဖြစ်တည်ရာအမိန်ကြာပါမြင်ကွင်းဒုဒ္ဓါယာ

MRTV NEWS
၀၆:၀၀ အလင်းတောသီချင်း
၀၆:၀၅ လှပ်ရှပ်ရာများအားကစား
၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမုဒ်းကဏ္ဍ(LIVE)
၁၈:၁၅ "Football Highlights"
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၅ "Next Level"
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၁၅ "ကဆလာ-အောင်ပန်းစင်လုံးဆုဆားစီးပြေးပွဲ"
၂၃:၄၅ 'ကမ္ဘာ့စီးပွားအနေအထားသတင်းများ
၂၃:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV FARMERS
၀၆:၀၀ အလင်းနိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၀ ကျန်းမာစွမ်းသောကာဒီ
၀၇:၀၀ "မိုက်ပိုးသွေးမြူးသုတာဂက်" ရေရှည်တည်တံ့ရေးဂေါလုပ်ငန်းနှင့် သုတသနအခန်းကဏ္ဍ
၀၈:၀၀ မြန်မာ့ချက်ပြုတ်ပုံဟင်းဒီ
၀၉:၃၀ ထွပိမိနိုက်လို့သဘာဝတော်ဝန်းကျင်ကိုထိန်းသိမ်းနိုင်ရန်
၁၀:၃၀ အိမ်ကြီးမာယာဝက်ပါ(ဇာဒိုးပိုစာတ်လမ်း)

MRTV PARLIAMENT
၀၇:၀၀ အလင်းသတ်
၀၇:၃၀ တော်ဝင်အကြိမ် ပြည်သူ့လွှတ်တော် တော်ဝင်ပုံမှန်အစည်းအဝေး (Replay)
၂၀:၀၀ ပြည်တွင်းသတင်း(၂၂.၁၁.၂၀၂၆)

MRTV SPORTS
၀၆:၀၀ အလင်း
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြမ်း
၀၆:၄၅ Weekly Sports Info
၀၇:၃၀ Weekend Sports News
၀၈:၀၀ ၂၀၂၆ သုခ်အာရှအားကစားအပြိုင်ပွဲ U-23 အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လှပွဲ (Replay)
၁၄:၀၀ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအမှုပညာရှင်များ ဘောလုံးပြိုင်ပွဲတိုက်ခိုက်ထုတ်လွှင့်မှု
၁၇:၀၀ အားကစားသတင်း

MRTV Radio
၀၆:၀၀ အလင်း၊ ဓမ္မပုဒ်ဘာသီချင်းများ
၀၆:၂၀ ချစ်ဇာတ်အပျိုမ်ကစားကြမယ် Mother Preschool နှင့် New Generations Preschool
၀၇:၁၅ နိုင်ငံခြားဘာလင်းတွဲ 'ဇေယျာဉ်ဖွေပုံတော်' (အပိုင်း-၉)
၀၈:၂၀ မြန်မာဘာတ်လင်းတွဲ 'ဘဝ်းသားသံးသမီဝ်' (အပိုင်း-၂၀)
၀၈:၅၅ မြန်မာ့ရပ်ရွာ(ထေးရောင်ရံ) နှင်္ကတ်တဲ့ခံစံတွဲများ
၀၉:၁၅ မြန်မာ့ရပ်ရွာ(ထေးရောင်ရံ) နှင်္ကတ်တဲ့ခံစံတွဲများ
၁၄:၀၀ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအမှုပညာရှင်များ ဘောလုံးပြိုင်ပွဲတိုက်ခိုက်ထုတ်လွှင့်မှု
၂၁:၀၀ မာရထိယဒုဗ္ဗဒုဝ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် 'ပင်သားယူရာဝင်းတွင်း ဇီဇာတ်သဘင်ဖျော်ဖြေပွဲအစီအစဉ်

MRTV NEWS
၀၆:၀၀ အလင်း
၀၆:၂၀ တတိယအကြိမ် ပြည်သူ့လွှတ်တော်
၀၇:၃၀ ပြည်တွင်းသတင်း(၂၂.၁၁.၂၀၂၆)

MRTV Shan
၀၆:၀၀ အလင်းသီချင်း
၀၆:၀၅ ရိုးရာယဉ်ကျေးမှုအစဉ်အလာ
၀၆:၃၀ ပြည်တွင်းသတင်း(LIVE)
၀၇:၀၀ နိုင်ငံတကာသတင်း(LIVE)
၀၇:၃၀ ပြည်တွင်းသတင်း(LIVE)
၁၁:၀၀ နိုင်ငံတကာသတင်း(LIVE)
၁၂:၀၀ MRTV National News
၁၃:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ သတင်းမုဒ်းကဏ္ဍ(LIVE)
၁၅:၀၀ "Football Highlights"
၁၅:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၆:၀၀ "Next Level"
၁၇:၀၀ ပြည်တွင်းသတင်း(LIVE)
၁၇:၃၀ "ကဆလာ-အောင်ပန်းစင်လုံးဆုဆားစီးပြေးပွဲ"
၁၉:၀၀ 'ကမ္ဘာ့စီးပွားအနေအထားသတင်းများ
၁၉:၃၀ ပြည်တွင်းသတင်း(LIVE)

MRTV Kayin
၀၆:၀၀ အလင်းသီချင်း
၀၆:၀၅ ကရင်ရိုးရာယဉ်ကျေးမှုအစဉ်အလာ
၀၆:၃၀ ပြည်တွင်းသတင်း(LIVE)
၀၇:၀၀ နိုင်ငံတကာသတင်း(LIVE)
၀၇:၃၀ ပြည်တွင်းသတင်း(LIVE)
၁၁:၀၀ နိုင်ငံတကာသတင်း(LIVE)
၁၂:၀၀ MRTV National News
၁၃:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ သတင်းမုဒ်းကဏ္ဍ(LIVE)
၁၅:၀၀ "Football Highlights"
၁၅:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၆:၀၀ "Next Level"
၁၇:၀၀ ပြည်တွင်းသတင်း(LIVE)
၁၇:၃၀ "ကဆလာ-အောင်ပန်းစင်လုံးဆုဆားစီးပြေးပွဲ"
၁၉:၀၀ 'ကမ္ဘာ့စီးပွားအနေအထားသတင်းများ
၁၉:၃၀ ပြည်တွင်းသတင်း(LIVE)

Scan Here
Education Channel ကို ရှေးဦး(ဗုဒ္ဓဝါဒနှင့် ပရိယတ္တိသာသနာ) ဆက်သွယ်ပြောဆိုနိုင်ပါသည်။



၂၀၂၄ ခုနှစ် အောက်တိုဘာလက မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ခြေစမ်းကစားစဉ်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်း ဒီဇင်ဘာ ၁၊ ၄ ရက်တွင် ခြေစမ်းပွဲနှစ်ပွဲကစားမည်

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းတို့သည် ဒီဇင်ဘာ ဖီဖာအမျိုးသမီး နိုင်ငံတကာရက်သတ္တပတ်တွင် ရန်ကုန်မြို့၌ ခြေစမ်းပွဲနစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းတို့သည် ဒီဇင်ဘာ ၁၊ ၄ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်ဖြစ်သူ အင်္ဂလန်နိုင်ငံသား ကောလင်းဘဲလ်သည် ယင်းခြေစမ်းပွဲအတွက် ပဏာမကစားသမား ၃၆ ဦး ရွေးချယ်ထားပြီး နိုဝင်ဘာ ၁၁ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ ယခုရွေးချယ်ထားသည့် လူစာရင်းတွင် ပုံမှန်ပါဝင်နေသည့် ကစားသမားများအပြင် ကစားသမားသစ် အများအပြားလည်း ရွေးချယ်ခံရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလက ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး မြန်မာအသင်းက နှစ်ပွဲစလုံး လေးဂိုး-တစ်ဂိုး ရလဒ်များဖြင့် အနိုင်ရထားသည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

M-League ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာလိဂ်ကော်မတီက ကြီးမှူးဖြစ်သည့် Grand Royal၊ AYA Bank နှင့် AYA Pay တို့၏အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေး (Coordination Meeting) ကို နိုဝင်ဘာ ၂၀ ရက်က သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာလိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နှင့် မြန်မာလိဂ် အမှုဆောင်အရာရှိချုပ် ဦးကိုကိုသိန်း၊ Grand Royal M League 2026–27 နှင့် M League II 2026–27 ပြိုင်ပွဲဝင် ကလပ်အသင်းများမှ နည်းပြများ၊ အသင်းတာဝန်ရှိသူများ တက်ရောက်သည်။



အစည်းအဝေးတွင် Grand Royal M League 2026 – 27 ဒုတိယအကျော့ ပွဲစဉ်များ အတည်ပြုရေး၊ Grand Royal M League 2026–27 ပြိုင်ပွဲအတွက် ပေးအပ်မည့် Customized Trophy Design အတည်ပြုခြင်းနှင့်လာမည့် M League Knock-Out Cup 2026–27 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကိုဆွေးနွေးကြသည်။

M League Knock-Out Cup 2026–27 ပြိုင်ပွဲကို Grand Royal M League 2026–27 နှင့် M League II 2026–27 ပြိုင်ပွဲဝင် ကလပ်အသင်း ၂၂ သင်းဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်အထိ ရှုံးထွက်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်များကို သုဝဏ္ဏကွင်းနှင့် သီဟဒီပကွင်းတို့၌ ကျင်းပရန် စီစဉ်ထားသည်။ ထို့ပြင် M League U20 Youth League Final ပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ M League 2027–28 ပြိုင်ပွဲပြိုကွဲဒိန်၊ M League U21 2027–28 ပြိုင်ပွဲ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ၊ ကလပ်အသင်းများ၏ Club Licensing ဆိုင်ရာ အခြေအနေများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-MLeague

❋ မန်စီးတီးအသင်းမှ

ပထမပိုင်းပွဲကစားချိန် ၁၆ မိနစ်မှာ ရိုဒရီဂိုမူနစ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်မှာ သွင်းယူခဲ့တဲ့ အန်ဒါဆန်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဖူလ်ဟမ်အသင်းနဲ့အတူ ပွဲထွက်ပါဝင်ကစားခွင့်ရရှိခဲ့တာကြောင့် ဖူလ်ဟမ်အသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ် ၁၀၀ အထိ ပါဝင်ကစားနိုင်ခဲ့တဲ့ ပထမဆုံးအာဖရိကန်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ အခုပွဲစဉ်မတိုင်မီက ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ဖူလ်ဟမ်အသင်းနဲ့ သရေရလဒ်သာထွက်ပေါ်ခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ်(၁၁)အပြီးမှာ ရမှတ် ၂၂ သာစုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားအဆင့် ၃ နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

ဂွေကြေယ်

✪ M-League မှ

နိုဝင်ဘာ ၂၁ ရက်က ပြန်လည်ကျင်းပရာ စစ်ကိုင်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း အမှတ်ပြည့်ရယူခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် စစ်ကိုင်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းသည် နောက်မှလိုက်ကစားရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းကာ နိုင်ပွဲဆက်ခဲ့သည်။ ဇယားအောက်ဆုံးရောက်နေသည့် မြဝတီအသင်း ရုန်းကန်ခဲ့သော်လည်း ရှုံးပွဲထပ်တွေ့ခဲ့ပြီး လာမည့်ပွဲများ ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ ၂၃ မိနစ်တွင် သီဟအောင်က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူသော်လည်း ၃၆ မိနစ်တွင် နေလင်းစိုးက စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၇၁ မိနစ်တွင် ရာဇာအောင်က စစ်ကိုင်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို စစ်ကိုင်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ရာဇာအောင်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့သော်လည်း အပြန်အလှန် သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် ဦးဆောင်ဂိုးများ အကြိမ်ကြိမ်သွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရသဖြင့် ကျဉ်းမြောင်းသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၆ မိနစ်တွင် အယ်လ်ဘတ်၊ ၁၉ မိနစ်တွင် သန်းဝိုင်၊ ၃၁ မိနစ်တွင် ဇော်ဝင်းသိန်းတို့က သွင်းယူပြီး စတုတ္ထဂိုးမှာ ၄၈ မိနစ်တွင် အား/ကာသိပ္ပံအသင်းမှ ကောင်းခန့်ဇော် ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးများကို ၂၅ မိနစ်တွင်ဆီရန်ပို့၊ ၃၅ မိနစ်တွင် ခိုင်ရဲဝင်း၊ ၅၂ မိနစ်တွင် မိုးဆွေအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်ယူနိုက်တက်ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ရရှိသည်။



ပွဲစဉ် ၇ ဒုတိယနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MLeague

✤ MFF မှ

Pacific Sun Far အသင်း သရေကျခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့သည့် YRG အသင်းက ဒုတိယနေရာရခဲ့သည်။ အခြားပွဲများတွင် JV အသင်းက Royal Noka အသင်းကို သုံးဂိုး-တစ်ဂိုး၊ မင်္ဂလာဒုံစီးတီးအသင်းက Burmese Warriors အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ ULAD အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၀ ဂိုး-လေးဂိုး၊ YRG အသင်းက United City အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး Gold Dream အသင်းနှင့် YCDC Dream Team အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ပြိုင်ပွဲအပြီးတွင် MIU အသင်းက ၆၁ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး YRG အသင်းက ၅၈ မှတ်ဖြင့် ဒုတိယ၊ Pacific Sun Far အသင်းက ၅၅ မှတ်ဖြင့် တတိယရခဲ့ပြီး YCDC Dream Team အသင်းက ၄၅ မှတ်၊ ULAD အသင်းက ၄၂ မှတ်၊ Gold Dream အသင်းက ၃၈ မှတ်၊ JV အသင်းက ၃၀ မှတ်၊ United City အသင်းနှင့် Royal Noka အသင်းက ၂၁ မှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၁၁ မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက ခြောက်မှတ်၊ Burmese Warriors အသင်းက တစ်မှတ် ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးဆုရ United City အသင်းက အမှတ်တရဆုဖလားနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံး ဂိုးသမားဆုရ စန်းမင်းအောင် (MIU) ကို အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ အကောင်းဆုံး ကစားသမားဆုရ ဟဲလ်မာဌေး (Pacific Sun Far) ကို အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ စတုတ္ထဆု ရရှိခဲ့သော YCDC Dream Team အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆု ရရှိခဲ့သော Pacific Sun Far အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅သိန်း၊ ဒုတိယဆုရရှိခဲ့သော YRG အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၃၀၊ ပထမဆုရရှိခဲ့သော MIU အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၅၀ နှင့် ချန်ပီယံဆုဖလား ရရှိခဲ့သည်။

သတင်း-ရွှိုင်းထက်ဇော်
ဓာတ်ပုံ-MFF

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၄ ဒီဂရီဆဲလ်စီးယပ်မှ ၂.၇ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာအရှေ့ အလယ်ပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန် အပူချိန်အထက်သို့ ၂.၄ ဒီဂရီဆဲလ်စီးယပ်မှ ၂.၇ ဒီဂရီဆဲလ်စီးယပ် အထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက် တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညို အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညို ဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန် မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှုပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ခြင်း၊ ရေလောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင် ပြင်ဆင် ဆောင်ရွက်နိုင်ပါရန် အကြံပြုထားသည်။

မိုး/၈လ

၂၀၂၆ ခုနှစ် နိုဝင်ဘာလ(တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အထိ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၉ ဒီဂရီ ဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အထိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အထိ အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၄၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၇ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အထိ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက် အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်း အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်း အတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၅ မီလီမီတာမှ ၂၄ မီလီမီတာ အတွင်း၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ် တို့တွင် ၂၅ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၄ မီလီမီတာ အတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/၈လ

❊ နေရာကွက်ကျားမှ

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရှမ်းပြည်နယ်တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ခန့်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့် ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

မိုး/၈လ

ရေကြည်မြို့နယ်၌ ကြိမ်၊ ဝါး လက်မှုပစ္စည်းထုတ်ကုန် မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရေကြည် နိုဝင်ဘာ ၂၁

ဧရာဝတီ တိုင်းဒေသကြီး ကျိုက္ခော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ရေကြည်မြို့နယ် ကြိမ်၊ ဝါး လက်မှုအချောထည် ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကြိမ်၊ ဝါး လက်မှုပစ္စည်း ထုတ်ကုန် မွမ်းမံသင်တန်းဆင်း ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက် ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျိုက္ခော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန (ညွှန်ကြားရေးမှူးရုံး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။



ထို့နောက် ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်လင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အိအိချော၊ ပုသိမ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမင်းလှိုင်၊ မြို့နယ် ကြိမ်၊ ဝါးလက်မှုအချောထည် ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းသိန်းတို့က သင်တန်းသား သင်တန်းသူ ၂၀ တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဘားအံမြို့နယ်အတွင်း လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ဘားအံ နိုဝင်ဘာ ၂၁

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း)ဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီနှင့် Grace Khin ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်သော ကော့ပရဲ-ကော့မလောက်လမ်းကွန်ကရစ် ခင်းခြင်း ၁ ဒသမ ၆၀၉ ကီလိုမီတာနှင့် ဖားစည်တံခွန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ရွှေတော-ကော့အိမိုက်-ကော့ပုံးစိန်လမ်း ကွန်ကရစ်ခင်းခြင်း သုည ဒသမ ၈၀၅ ကီလိုမီတာ လုပ်ငန်းဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၀ ရက်က ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉ - ရပ်ကွက်၊ ခရေပင်လမ်း၊ Magical World Condo(Tower c)၊ တိုက်အမှတ်-၂၉၊ (၁၂)ထပ်တိုက်၏(Level - 9)၊ Unit- 6၊ အခန်းအမှတ် - 906၊ ဧရိယာ(391.8) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုတိုက်ခန်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်ကြူကြူမာ(၁၂/တမနခ(နိုင်) ၁၃၈၆၉၀)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စောခြည်စိုး(၁၂/လမတ(နိုင်) ၀၃၂၆၁)မှ ဖိစိတ်ဒီဗွီးတည်ပိုင်ဆိုင်ခွင့် လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဂန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ဖိတ်ခေါ်မှုအရ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို နိုင်ငံ့သောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဟန်လင်းအောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈၀)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၁၃ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၉၇၂၁၅၈၁၁၅

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉ - ရပ်ကွက်၊ ခရေပင်လမ်း၊ Magical World Condo(Tower D)၊ တိုက်အမှတ်-၂၉၊ (၁၂)ထပ်တိုက်၏(Level - 12)၊ Unit- 9၊ အခန်းအမှတ် - 1209၊ ဧရိယာ(589.96) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုတိုက်ခန်း၏အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးနိုင်ဇံများဦး(၁၂/ဘတဘ(နိုင်) ဝ၂၆၅၅၈)နှင့် ဒေါ်အိမ်ဒေးနီး(၁၂/မဂခ(နိုင်) ၁၃၆၉၀၉)တို့မှ မိဖိတိုင်ဒိုင်ဆိုင်ခွင့် လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဂန်ခံပြောဆို သဖြင့် ကျွန်ုပ်၏ဖိတ်ခေါ်မှုအရ ဝယ်ယူရန်နှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို နိုင်ငံ့သောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဟန်လင်းအောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈၀)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၁၃ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၉၇၂၁၅၈၁၁၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ်(၁၆၇၆)၊ ပြည်ထောင်စုလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၄၀၀ပေ x ၆၀ပေ)အနက် တရားဝင်မွေစီတိုရသေးသော အကျယ်အဝန်း (၂၀၀၆၀)ပေ ဂရန်းမြေကွက်ကို မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။ မြေကွက်အမှတ် (၁၆၇၅)နှင့် ကပ်လျက်ဘက်အခြမ်းအား မိမိတို့အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချွင့်ရှိကြောင်း ကတိပြု ရောင်းချသူ ဦးဟောက်လျှန်ထန် [၅/ကလထ(နိုင်)၀၁၂၂၈၅)၊ ဒေါ်မောရီး [၅/ကလထ(နိုင်)၀၃၆၇၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော် [၁၂/ဥကဘ(နိုင်) ၀၀၂၁၆၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချွင့်မရှိကြောင်းနှင့် ဆိုင်ရောဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက် ကျွန်ုပ်ထံသို့ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သစ်အေး LL.B, D.I.L, D.B.L, D.I.R တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၄)
အမှတ် (၁၅၉၅)၊ ဖိုးရာစာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၄၃၁၁၀၀၇

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကွင်းအမှတ် (၂၈)၊ ကွင်းအမည် - ထန်းတပင်အနောက်၊ ဦးပိုင်အမှတ် (ပ/၁၆၀)၊ (၃)ရပ်ကွက်၊ နှင်းဆီ (၃)လမ်း၊ မြေကွက်အမှတ် (၄၀၅)၊ မြေပြမြေအမျိုးအစား၊ အဝင်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဦးထွန်းဖြင့် [၈/မမန (နိုင်)၁၈၅၂၇၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးခင်လှိုင် (၇/အဖန(နိုင်) ၀၆၀၇၇၇)**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတစ်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်သော်လည်း ဦးထွန်းဖြင့်သည် ဝန်ခံကတိပြုခဲ့သော ရောင်းဖိုးငွေ၏ကျန်ရှိငွေကို ပေးချေခြင်းမရှိဘဲ ဖုန်းခေါ်ဆိုသူများ၏ ခြိမ်းခြောက်မှုများကြောင့် ကျွန်ုပ်နှင့် ဆက်သွယ်ခြင်းမရှိသဖြင့် ကျွန်ုပ်၏ဖိတ်ခေါ်မှုအရ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို နိုင်ငံ့သောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သစ်အေး LL.B, D.I.L, D.B.L, D.I.R တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၄)
အမှတ် (၁၅၉၅)၊ ဖိုးရာစာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၄၃၁၁၀၀၇

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကွင်းအမှတ် (၂၈)၊ ကွင်းအမည် - ထန်းတပင်အနောက်၊ ဦးပိုင်အမှတ် (ပ/၁၆၀)၊ (၃)ရပ်ကွက်၊ နှင်းဆီ (၃)လမ်း၊ မြေကွက်အမှတ် (၄၀၅)၊ မြေပြမြေအမျိုးအစား၊ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဦးထွန်းဖြင့် [၈/မမန (နိုင်)၁၈၅၂၇၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးခင်လှိုင် (၇/အဖန(နိုင်) ၀၆၀၇၇၇)**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတစ်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်သော်လည်း ဦးထွန်းဖြင့်သည် ဝန်ခံကတိပြုခဲ့သော ရောင်းဖိုးငွေ၏ကျန်ရှိငွေကို ပေးချေခြင်းမရှိဘဲ ဖုန်းခေါ်ဆိုသူများ၏ ခြိမ်းခြောက်မှုများကြောင့် ကျွန်ုပ်နှင့် ဆက်သွယ်ခြင်းမရှိသဖြင့် ကျွန်ုပ်၏ဖိတ်ခေါ်မှုအရ ဝယ်ယူရန်နှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို နိုင်ငံ့သောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေသန်ဦး LL.B, D.I.L, D.B.L, D.I.R တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၄)
အမှတ် (၁၅၉၅)၊ ဖိုးရာစာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၄၃၁၁၀၀၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပိုင်နယ်၊ အမှတ် (၁၃)ရပ်ကွက်၊ ဘောဂမြိုင်လမ်း၊ တိုက်အမှတ်(၁၅)၊ နှစ်ခန်းတွဲ (၇)ထပ်တိုက်၏ ထပစထပ်(ဝဲဘက်ခြမ်း)၊ (အလျား ၂၀ပေ x အနံ ၃၆ပေ) အကျယ်အဝန်း၌ ရှေ့မော်ဘာ+ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးနိုင်ထွန်း [၅/ပလန(နိုင်)၀၆၈၀၄၉] ကိုင်ဆောင်သူမှ ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှေ့အနှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်းဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာဆီဆိုင် [၁/မကန(နိုင်) ၂၁၈၁၂၄]ကိုင်ဆောင်သူမှ ရောင်းချသည့်တန်ဖိုးဖြင့်ပင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းကဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တတစ်ပတ် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း(မူရင်း) အထောက်အထားနှိုင်းလုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအိုင်ဆိုင် အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဂျာဆီဆိုင် [၁/မကန (နိုင်) ၂၁၈၁၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းသန်းနိုး တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၉၈)၊ (၄-၁-၁၉၈၄)
တိုက်- ၉/၁၁၊ ပထပ် (ဒီ)၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-250022892, 09-443021827

